၃၆၄
၀

ရဟန်းရှင်လူ။သူသူငါငါ။ဗုဒ္ဓဘာသာ
အပေါင်းတို့။ဘောင်းဆုတ်နိတန်။
ဆုပန်ကျော်ရှိကြသော
နိဗ္ဗာန်ချမ်းသာကြီးကို။
လျင်မြန်လွယ်ကူ။ရယူပေါက်မြောက်။
အသိဉာဏ်ထွင်းပေါက်ကြစေခြင်းအလို့ငှါ။
မုံရွာမြို့
အထက်တန်း အင်္ဂနှ့တော်ရရှေ့နေ

ဦးလင်းသည်။

ခပင်းချားဗွား၊ကျမ်းဘာကာတို့၄။လိုရာထုတ်နုတ်လျက်။
အကျဉ်းချုပ်စီမံရေးသားအပ်သော

ဗုဒ္ဓဘာသာ-အသိပြကျမ်း။

မန္တလေးမြို့၊
ဝါးတန်း။ဂုဏဝတီပိဋကတ်ပုံနှိပ်တိုက်။
၁၂၈၂-ခု၊

{ နိဒါန်း။ }

အထူးတောင်းပန်။မေတ္တာခံချက်။

ရဟန်းရှင်လူ၊ သူသူငါငါ၊ဗုဒ္ဓဘာသာဟူသမျှ၊
နေ့စဉ်နှင့်အမျှ။တောင့်တလျက်ရှိ
ကြသော
"နိဗ္ဗာန်ချမ်းသာကြီး" ကို။
လျင်မြန်လွယ်ကူ။ရယူခံစံနိုင်ကြရန်အလို့ငှါ၊

ဗုဒ္ဓဘာသာ–အသိပြကျမ်း

ဟူ၍–ရွေးချယ်ရပေါင်း။ကောင်းစွာထုတ်နုတ်
ရေးသားအပ်ပါသည်၊

ဤကျမ်းကို၊ ဝါရဂ္ဂတ။နုတ်ရကျက်မှတ်၊ မပြတ်ကြည့်ရှု။သတိပြုကြက၊သဏ္ဍာယဒိဋ္ဌိကင်းကွာ၍၊ သမ္မာဒိဋ္ဌိ–အသိဉာဏ်ပေါက်ပြီး။နိဗ္ဗာန်သို့မြန်မြန်ကြီးရောက်နိုင်ရန်။"သိ" ဆိုသော–ယထာဘူတလမ်းကို၊တန်းတန်းမတ်မတ်။ ပရမတ်သိအဖြစ်သို့ရောက်၍။လမ်းကောက်မသွား၊ လမ်းမှားမသိ။လမ်းရှည်မလို။ လမ်းတိုတို့နှင့်၊ လိုအပ်–တောင့်တ အပ်သော နိဗ္ဗာန်ခရီးကို။အပြီးတိုင်ရောက်ကြရန်။မှန်ရိပ်အပြင်။ မျက်နှာသွင်သို့။အစဉ်ကြည့်ရှုတော်မူကြပါစေကုန်သတည်း။

·ဆရာလင်း။

အထက်တန်း အမိန့်တော်ရရှေ့နေ။
မုံရွာမြို့။
၂၅–၁၁–၃၀။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁ ပဋ္ဌဂုဏ်း၊ အနန္တံ ။ အဟံ နမာမိ။
၂ အသိပြကျမ်း။ ကျင့်စဉ်လမ်း။ ကြိုးပမ်းရေးသားဘိ၊
၃ နေ့စဉ်ကြည့်ရှု။ သတိပြု။ ဘောင်းနှုတိုးပွါး၏။
၄ "သိ"တလုံးကို။ အနှုန်းဆို။ ထိုထိုဉာဏ်နှင့်ကြည့်
၅ နိဗ္ဗာန်ထုတ်ချောက်။ အရပေါက်။ များမြော်အကျိုးရှိ။

ဘုရား၊ တရား၊ သံဃာတော်တို့၏ပုဒ်အပြား၊ ဒါန၊ သီလ၊ ဘာဝနာခမ္မ။ တရားအရပ်ရပ်တို့ကို ကျွမ်းကျင်ထင်မြင်လွယ်အောင်။ မြန်မာလိုသက်သက်၊ အနက်အဓိပ္ပါယ်ဖြင့် ရေးသားဘော်ပြအားသော။ ဗုဒ္ဓဘာသာအသိပြကျမ်းဖြစ်ပါသည်။

ဤကျမ်းစာကို "ဗုဒ္ဓဘာသာအသိပြကျမ်း" ဟုအမည်နာမသမုတ်ခြင်းမှာ။ အသိတလုံးတွင်၊ အကိုးများစွာ မပြတ်နိုင်လောက်အောင် ထူးကဲသောအကျိုးပေးစွမ်းနိုင်သောသတ္တိရှိသဖြင့်။ စိတ်အစဉ်နှင့်တွေ့ထိအောင် အထူးဂရုပြုစေလိုသောဆန္ဒရှိသည်နှင့် ၎င်းအမည်နာမကိုခေါ်ဝေါ်သမုတ်ခြင်းဖြစ်ပါသည်။

ယင်းအသိသည်။ လောကီ,လောကုတ္တရာ။ နှစ်ဘက်အကျိုးတို့ကိုပေးစွမ်းနိုင်သောသတ္တိနှင့်ပြည့်စုံပါသည်။

အသိ ဆိုသည်မှာလည်း။ သိစရာရှိသမျှကို။ အကျန်မရှိ၊ ဟုတ်တိုင်းမှန်တိုင်း၊ ကမ်းကုန်၊ လမ်းကုန်၊ အသိဆုံးခန်းရောံ

တို့သည်။ ဆိုတ်ငြိမ်ရာသို့ကပ်၍၊ သီလတည်ရှိပြီးပုဂ္ဂိုလ်ဖြစ်
လျှင်။ မိမိသီလစင်ကြယ်သည်၏အဖြစ်ကိုအာရုံပြု၍။ ။ငါ၏
သီလသည်၊ စင်ကြယ်၏။ ငါ၏သီလသည်စင်ကြယ်၏။ ။ဤ
သို့အဘန်ဘန်ဆင်ခြင်ပြီးလျှင်။ ရတနာသုံးပါးကို ရှိခိုးရမည်။
သီလမတည်မရှိသူဖြစ်က၊ သီလကို ခံယူဆောက်တည်၍။ မိမိ
ကိုယ်ကိုသီလ၌တည်စေပြီးလျှင်။ ရတနာသုံးပါးကိုရှိခိုးရမည်။

(ရှိခိုးပုံမှာ။)

ပကတိမျက်စိဖြင့်မမြင်။ ဉာဏ်မျက်စိဖြင့်သာမြင်အပ်ထသော၊
အထက်မရှိ။ အလွန်မရှိ။ အသာမရှိ ထွတ်မြတ်လှစွာထသော။
အလွန်သိမ်မွေ့လှစွာထသော၊ လက္ခဏာရေးသုံးပါးလျှင် အ
ခြေစိုက်ထသော၊ ထိုက်ကောင်းထောက်မ။ ယခုဘဝတွေ့ကြုံ
ရပေသောရတနာမြတ် သုံးပါးအပေါင်းကို။ နှောက်ပူညစ်ရှုံး
သရလတံ့ဖြစ်သော အကျွန်ုပ်သည်။ သင်းလို—ရှင်းလို။ ကံစွ
ပြီးဖြေးကြီးဖြေးလိုသောအား။ ဝပ်တွားရိုကျိုး၊ လောက်ရမ်းမိုး၍၊ ရှိခိုး
ပူဇော်ပါ၏အရှင်ဘုရား။ ။ဗုဒ္ဓံ။ အဟုတ်တွေ၊ အမှန်တွေကို
ကံစွပြီး၊ အသိဉာဏ်သိတော်မူ၍ဗိုလ်ချလက်ချေးကြီးဖြေးတော်မူ
ရသောလောက၏အညွန့်အဖူး၊ ပုဂ္ဂိုလ်လွန်, ပုဂ္ဂိုလ်ထူးကြီး
ဖြစ်တော်မူပေသော ဘုရားသခင်ကိုယ်တော်မြတ်ကြီးကို။ သ
ရဏံ။ အားကိုးရာ၊ အားထားရာဟူ၍။ ဂစ္ဆာမိ။ ယုံကြည် သိ
မှတ်ပါ၏၊ ဆည်းကပ်ပါ၏၊ အားကိုးပါ၏၊ အားထားပါ၏ အ
ရှင်ဘုရား။

ဓမ္မံ။စိတ်အစဉ်နှင့်၊တခါမြင်သိ၊တွေ့ထိသိုက်သည့်ရှိသော်။ သဗ္ဗညုပါတ်ရှိ၏ ပုပန်ခပ်သိမ်းကို၊ ငြိမ်းငြေးစေတတ်သော သတ္တိ အာနုဘော်ရှိသော ကိုးပါးသောလောကုတ္တရာ တရားတော်မြတ်ကို။သရဏံ။အားကိုးရာ၊အားထားရာဟူ၍။ဂစ္ဆာမိ။ ယုံကြည်သိမှတ်ပါ၏၊ဆည်းကပ်ပါ၏၊အားကိုးပါ၏၊ အားထားပါ၏အရှင်ဘုရား။

သံဃံ၊ကိုးပါးသော လောကုတ္တရာတရားကို၊ စိတ်အစဉ်နှင့်သိမြင်ရမိ၊တွေ့ထိရလေသော်ကြောင့်။စိတ်ချလက်ချငြိမ်းငြေးတော်မူကြရသောအရိယာသံဃာတော်အပေါင်းကို။ သရဏံ။ အားကိုးရာ၊အားထားရာဟူ၍။ ဂစ္ဆာမိ၊ယုံကြည်သိမှတ်ပါ၏၊ဆည်းကပ်ပါ၏၊အားကိုးပါ၏၊အားထားပါ၏အရှင်ဘုရား။ ။ဤသို့သရဏဂုံဆောက်တည်ရမည်၊ သို့ဆောက်တည်ပြီးလျှင်၊ဘုရားဂုဏ်ဟူသောအာရုံနှင့် စိတ်ကိုအေး မပြတ်စေရမည်။

{ဗုဒ္ဓပုံမှာ။}

ဗုဒ္ဓေါ။ အမှန်တွေကို တသိထဲသိမြင်တော်မူတတ်ပါပေသောမြတ်စွာဘုရား၊ ။အဟုတ်တွေ အမှန်တွေကို တသိထဲသိမြင်တော်မူသောကြောင့်၊မိုက်မှောင်ပယ်ရှင်း၊အလင်းကြီးလင်းတော်မူ၍၊တလင်းထဲလင်းသော -အလင်းတုံးကြီး ဖြစ်တော်မူပေသောမြတ်စွာဘုရား။

အဟုတ်တွေအမှန်တွေကို၊တသိထဲသိမြင်တော်မူပေသောကြောင့်။ယူချင်စရာ၊ ရချင်စရာ အနှစ်သာရကိုမမြင်။အစွဲအ

လမ်း၊ အတွယ်အခင်၊ အမျှင်အရှုပ်၊ ပြတ်ပြုတ်လွတ်ကင်း၊ အရှင်းကြီးရှင်းတော်မူ၍။ တရှင်းတဲရှင်းသော။ အရှင်းတုံးကြီး ဖြစ်တော်မူပေသောမြတ်စွာဘုရား။

အဟုတ်တွေ့၊ အမှန်တွေ့ကို။ တသိတဲသိမြင်၊ ဉာဏ်တော်ရေစင်ဖြင့်။ တွင်းပြင်မလပ်၊ ရွဲ့ကပ်လိမ်းကျံ၊ ညှီနံ့ညစ်ထေး၊ ကိလေသာအညစ်အကြေးကို၊ ဆေးလျှော်တော်မူပြီးဖြစ်သော ကြောင့်။ ရုပ်တော်, နာမ်တော်နှစ်ပါးလုံးနှိုက်၊ ဆိုဘွယ်ကင်း ဝေး၊ ညစ်ကြေးမတင်၊ စင်ကြီးစင်တော်မူ၍၊ တစင်တဲစင်သော အစင်တုံးကြီးဖြစ်တော်မူပေသောမြတ်စွာဘုရား။

အဟုတ်တွေ့,အမှန်တွေ့ကို။ တသိတဲ သိမြင်တော်မူသော ကြောင့်။ စိတ်တော်အစဉ်၌၊ အနည်းငယ်မျှ၊ တွေးဆနှံ့နှေး၊ ညစ်မှေးနောက်ကျုခြင်းမရှိ။ ညစ်ညူးပုပ်နံခြင်းမရှိ။ ကြည် ကြီးကြည်တော်မူ၊ ငြေးကြီးငြေးတော်မူ၍၊ တကြည်တဲကြည် သော၊ အကြည်တုံးကြီး။ တငြေးတဲငြေးသော အငြေးတုံးကြီးဖြစ် တော်မူပေသောမြတ်စွာဘုရား။

အလင်းတုံးကြီး၊ အရှင်းတုံးကြီး၊ အစင်တုံးကြီး၊ အ ကြည်တုံးကြီး၊ အငြေးတုံးကြီးဖြစ်တော်မူ၍။ လူ့ရော၊ နတ်ရော၊ ဗြဟ္မာရော၊ တလောကလုံး၏ အားကိုးရာကြီး။ အားထားရာ ကြီးဖြစ်တော်မူပါပေသောမြတ်စွာဘုရား။

အလင်းတုံးကြီး၊ အရှင်းတုံးကြီး၊ အစင်တုံးကြီး၊ အကြည် တုံးကြီး၊ အငြေးတုံးကြီးဖြစ်တော်မူ၍။ အထက်မရှိ၊ အလွန် မရှိ၊ အသာမရှိ၊ တလောကလုံးတွင်။ အထွဋ်ဆုံး၊ အလွန်ဆုံး၊

အသာဆုံး၊ အမြတ်ဆုံးကြီး ဖြစ်တော်မူပါပေသောမြတ်စွာဘုရား။ ။သဗ္ဗဝါတ္တိချမ်းသာဘို့ရန်၊ ခေတ်ကောင်းကြီးဖြစ်တော်မူပါပေသောမြတ်စွာဘုရား။ ။သဗ္ဗဝါတ္တိ ချမ်းသာဘို့ရန်–လောကကြီး၌ ဖြစ်ပေါ်တော် မူလာပေသော မြတ်စွာဘုရား၊

ဤကဲ့သို့ရတနာမြတ်သုံးပါးအပေါင်းကို၊အာရုံ၌စွဲမြဲ၍ရှိခိုးသည့်အခါ။လက္ခဏာရေးသုံးပါးအသိအမြင်ပြု၍ရှိခိုးကြည်ညို နိုင်ခြင်းသည်။အသာဆုံး၊အလွန်ဆုံး၊အမြတ်ဆုံးဖြစ်ပါသည်။ သက္ခဏာရေးသုံးပါးသိကိုရနိုင်ရန်အထူးကြိုးစားဘို့အချက် တခုဖြစ်ပါသည်။

လောကတွင်ရှိရှိသမျှ၊ မင်္ဂလာအပေါင်းဟူသမျှတို့ထက်။ ဆတက်ထောင်ရာ။ မကာသာသော။ (မဟာမင်္ဂလာသုတ်နိဿယ)သည်။ဗုဒ္ဓဘာသာမှန်သမျှ။နိယာမအစဉ်အားဖြင့်။ရှေးအခါက–ရဟန်းတော်များ ကျောင်းတွင်။ သင်ပုန်းကြီးသင်ပြီးနောက်။ဦးစွာပထမ သင်ကြားကြရာ။ယခုအခါ၊ မင်္ဂလာသုတ်ကွယ်ပ၊သင်ကြားသူနည်းကြသဖြင့်၊တစတစယဉ်ကျေးခြင်းကွယ်ပျောက်။ရိုင်းဘက်သို့ရောက်ကြသည်မှာ၊မျက်မြင်ထင်ရှားဖြစ်ပါသည့်အတိုင်း။ အများသော သူတော်ကောင်းတို့ကြည့်ရှုကြရန်။ အနက်ဆံရှည်လျား၊ လွန်စွာမှတ်သားကြည်ညိုဘွယ်ကောင်းသေါ–မင်္ဂလာသုတ်နိဿယကို၊နေ့ညမပြတ်။ ရွတ်ဘတ် သရဇ္ဈာယ်တော်မူကြရန်။ တိုက်တွန်း နှိုးဆော်လိုက်ပါသည်။

မင်္ဂလသုတ်နိဿယ။

၁ ဘန္တေ။ကဿပဟု၊နာမထင်ရှား၊အရှင်ဘုရား။ မေမ ယာ၊အာနန္ဒာဟု၊သညာသမုတ်၊အကျွန်ုပ်သည်၊ဧဝံ။ဤသို့။သု တံ၊မြတ်စွာဘုရား၊မိန့်စကားကို၊နားဝယ်ဆတ်ဆတ်၊ ကြား နာအပ်၏။ ကိံ သုတံ၊အဘယ်သို့ ကြားနာအပ်သနည်း ဟူမူ ကား။ဧကံ။သမယံ။အခါတပါး၌။ဘဂဝါ။မြတ်စွာဘုရားသည်။ သာဝတ္ထိယံ၊သာဝတ္ထိပြည်၌၊ ဇေတဝနေ။ဇေတဝန်ဥယျာဉ်၌။ အနာထပိဏ္ဍိကဿ၊ အနာထပိဏ်သူဌေး၏။ အာရာမေ။ ကျောင်းတိုက်အရပ်၌။ဝိဟရတိ၊ဣရိယာပုထ်၊အလိုက်နှင့်တင်း၊ သီတင်းကြည်ဖြူ၊နေတော်မူ၏။ အထခေါ၊ထိုအခါ၌၊ အည တရာ၊အမျိုးအမည်အားဖြင့် မထင်ရှားသော။ ဒေဝတာ၊နတ် သားသည်။အဘိက္ကန္တာယ။ညဉ့်ဦးယာမ်ကို လွန်ပြီးသော။ရတ္တိ ယာ။ညဉ့်သန်းခေါင်အခါ၌၊အဘိက္ကန္တဝဏ္ဏာ။အလွန်နှစ်သက် ဘွယ်သော အဆင်းရှိသည်ဖြစ်၍။ ကေဝလကပ္ပံ၊ အလုံးစုံ သော။ ဇေတဝနံ၊ ဇေတဝန်ဥယျာဉ် တခုလုံးကို။ ဩဘာ သေတွာ၊ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်းတောက်ပစေ၍၊ ယေန။အကြင်အရပ်၌။ဘဂဝါ။မြတ်စွာဘုရားသည်။ အတ္ထိ။ ရှိတော်မူ၏၊ တေန၊ထိုအရပ်သို့။ဥပသင်္ကမိ။ကပ်လာ၏။ ဥပ သင်္ကမိတွာ။ကပ်လာပြီး၍။ ဘဂဝန္တံ။မြတ်စွာဘုရားကို။အ ဘိဝါဒေတိ။ဝပ်တွားရှိကျိုး။ရှိခိုး၏။ အဘိဝါဒေတွာ။ဝပ်တွား ရှိကျိုး ရှိခိုးပြီး၍။ဧကမန္တံ၊သင့်တင့်လျောက်ပတ်သောအရပ်

ဋ္ဌ။အဋ္ဌာသိ၊ရပ်၏၊ ဧကမန္တံ။သင့်တင့်လျောက်ပတ်သော အရပ်၌။ဌိတာခေါ၊ရပ်ပြီးသော။သာဒေဝတာ။ထိုနတ်သားသည်။ ဘဂဝန္တံ။ မြတ်စွာဘုရားကို။ဂါထာယ။ ဂါထာစကားဖြင့်။ အဇ္ဈဘာသိ။ နားတော်လျှောက်လေ၏၊ ။ကိံ အဇ္ဈဘာသိ။ အဘယ်သို့နားတော်လျှောက်သနည်းဟူမူကား။ ...

၂ ဘဂဝါ၊ဘုန်းတော်ကြီးလှသော မြတ်စွာဘုရား။ ဗဟူ။များစွာကုန်သော။ ဒေဝါစ၊နတ်တို့သည်လည်းကောင်း။ မနုဿာစ၊လူတို့သည်လည်းကောင်း။ သောတ္ထာနံ၊ ကောင်းကျိုးချမ်းသာ၊မင်္ဂလာကို။အာကင်္ခမာနာ။သိလိုမြင်လို၊ပြည့်စုံလိုကြကုန်သည်ဖြစ်၍။မင်္ဂလာနိ၊ကောင်းမြတ်ချမ်းသာမင်္ဂလာတို့ကို။ အစိန္တယုံ။တွေးတွလာလာ၊နှာကြံယူဆကြကုန်၏။ ဥတ္တမံ။အမှန်မချ မြတ်ထွတ်လှသော၊မင်္ဂလံ။မင်္ဂလာစစ်၊ တရားနှစ်ကို။ဗြူဟိ။ဟောတော်မူပါလော။ဣတိ။ဤသို့။ အဇ္ဈဘာသိ။နားတော်လျှောက်လေ၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဝေါစ။ဟောကြားတော်မူ၏။

၃ ဒေဝတေ။နတ်သား၊ ဗာလာနံ၊ မကောင်းဒုစရိုက်၊ သူအမိုက်တို့ကို။အသေဝနာစ။ ဆရာအမှတ်၊မိတ်အမှတ်ဖြင့်၊ မဆည်းကပ် မပေါင်းဘော်ရခြင်းသည်လည်းကောင်း။ ပဏ္ဍိတာနံ၊ဒုစရိုက်ပေါင်း၊ကင်းလွတ်ရှောင်းလျက်၊ ကျိုးကြောင်းမြင်သိ၊ပညာရှိတို့ကို။သေဝနာစ။ ဆရာအမှတ်၊ မိတ်အမှတ်ဖြင့်၊ဆည်းကပ်ပေါင်းဘော်ရခြင်းသည်လည်းကောင်း။ ပူဇာနေယျာနံ။ဂုဏဝုဍ္ဎိ၊ဝယဝုဍ္ဎိ၊ကျေးဇူးရှိနှင့်၊မိဘဆရာ၊ ရတနာ

သုံးပါး၊တရားကျင့်သူ၊စင်ဖြူစရိုက်၊ပူဇော်ထိုက်သော သူတို့ကို၊ပူဇာစ၊ရိုသေသမှု၊ အပြုအမူ၊ပျူငှါဆေးလေး၊ကျွေးမွေးပေးကမ်း၊လှူဒါန်းပူဇော်ရခြင်းသည်းကောင်း။ ဧတံ၊ဤတရားသုံးပါးသည်၊ ဥတ္တမံ ၊ အများလောက၊သမုတ်ကြသော၊ ဒိဋ္ဌမင်္ဂလာ၊သုတမင်္ဂလာ၊မုတမင်္ဂလာစသည်တို့ထက်၊ ဆတက်လွန်ကျူး—အထူးမြင့်မြတ်သော၊မင်္ဂလံ၊လောကီ,လောကုတ္တရာ၊ချမ်းသာပွါးကြောင်း၊ကောင်းသောမင်္ဂလာမည်၏။

၄ ဒေဝတော၊နတ်သား၊ပတိရူပဒေသဝါသောစ၊သူတော်ကောင်းတရား ထွန်းကားရာမှန်-လျော်ကန် လျော်ပတ်သော အရပ်ဒေသ၌နေရခြင်းသည်လည်းကောင်း။ ပုဗ္ဗေ၊ရှေးဘဝ၌၊ ကတပုညတာစ၊ပြုခဲ့ဘူးသောကောင်းမှုကုသိုလ်ရှိသည်၏အဖြစ်သည်လည်းကောင်း။အတ္တသမ္မာပဏိဓိစ၊မိမိစိတ်ကို၊အလိုမလိုက်—ဒုစ္စရိုက်သို့၊ လိုက်ခွင့်မပေး ယဉ်ကျေး လိမ္မာကောင်းမြတ်ရာ၌သာ၊ကောင်းစွာခိုင်ကျည်၊ အမြဲတည်စေရခြင်းသည်လည်းကောင်း၊ဧတံ၊ဤတရားသုံးပါးသည်၊ဥတ္တမံ၊သော၊မင်္ဂလံ၊မည်၏။

၅ ဒေဝတော၊နတ်သား၊ ဗာဟုသစ္စဉ္စ၊ တရားကျမ်းဂန်၊ သင်အံကြည့်မှတ်၊ လွန့်စပ်သော၊အတတ်ကောင်း ပညာကောင်းနှင့်ပြည့်စုံခြင်းသည်လည်းကောင်း။ သိပ္ပဉ္စ၊ဖြစ်ကင်းစေမှု၊စိတ်အမှုနှင့်၊နှုတ်မှုလက်မှု၊တတ်ကောင်းရကို၊ ငယ်နုခါတွင်၊တတ်အောင်သင်ရခြင်းသည်လည်းကောင်း။ သုသိက္ခိတော၊ ငယ်ရွယ်စဉ်က၊ သွန်သင်ဆုံးမ၊ အချိုးကျပြီးသော၊

ဝိနယောစ။ အမိဝတ်ငါးပါး—အဘဝတ်ငါးပါးအစရှိသော
အမျိုးကောင်းသမီး။ အမျိုးကောင်းသား။ ဝတ်တရားနှင့်ပြည့်ရ
ခြင်းသည်လည်းကောင်း၊ သုဘာသိတာ။ အပြစ်စင်ကြယ်၊ ချစ်
ကြင်ဘွယ်နှင့်။ နာဘွယ်ကျိုးလို—ကောင်းစွာ ဆိုအင်သော။
ယာဝါစာစ။ အကြင်စကားကောင်းမျိုး သည်လည်းကောင်း၊
ဧတံ။ ဤလေးပါးသောတရားသည်၊ ဥတ္တမံ။ သော၊ မင်္ဂလံ။
မည်၏။

၄ ဒေဝတာ။ နတ်သား၊ မာတာပိတု။ အမိအဘတို့ကို။ ဥပ
ဋ္ဌာနဥ္စ။ ပင်စင်အပြီမ်းစား—ကောင်းစွာထားရ၍၊ ဆပွါးကြည်
ညို၊ မေတ္တာပိုလျက်။ ကိုယ်တိုင်ကိုယ်ကြပ်၊ ဝတ်နှိဗန်ဖြင့်၊
မလင်မဟာဉ်း။ လုပ်ကျွေးရခြင်းသည်လည်းကောင်း၊ ပုတ္တဒါ
ရဿ။ သမီးနှင့်သား—ကြင်မယားကို၊ သင်္ဂဟောစ။ သားသမီး
ဝတ်—မယားဝတ်ကို မချွတ်စေလို—မေတ္တာပိုလျက်—သင်္ဂြိုဟ်
ထောက်ပံ့ရခြင်းသည်လည်းကောင်း။ အနာကုလာ။ အသောံ
အစား—အကစားနှင့်—အကြွားအဝါ—မလိမ္မာတွက်— စီးပွါး
ပျက်ရန်—နှောင့်ရှက်မရှိ—ချောမော်ဘိကုန်သော။ ကမ္မန္တာစ။
စီးပွါးမှုတို့သည်လည်းကောင်း၊ ဧတံ။ ဤသုံးပါးသောတရား
သည်။ ဥတ္တမံ။ မြတ်သော၊ မင်္ဂလံ။ မည်၏။

၅ ဒေဝတာ။ နတ်သား၊ ဒါနဥ္စ။ သံသရာရေး-သဒ္ဓါရှေး၍၊
ပေးလှူစွန့်ကြဲမှုသည်လည်းကောင်း၊ ဓမ္မစရိယာစ။ သုစရိုက်
တရားကို အားထုတ်ကျင့်ဆောင်မှုသည်လည်းကောင်း၊ ဉာ
တကာနံ။ ဘိုးကြီးဘွားကြီး၊ ဘကြီး-ဘထွေးအစရှိကုန်သော။

မိန္နယ်ဘရိုး၊ ဆွေမျိုးအပေါင်းတို့အား၊ သင်္ဂဟောဝ။ ဆွေဝတ်မျိုးဝတ်—မယွင်းချွတ်အောင်—ဖြူဆွတ်သဒ္ဓါ— စေတနာဖြင့်၊ ကောင်းစွာ သင်္ဂြိုဟ်ထောက်ပင့်ရခြင်းသည်လည်းကောင်း။ အနဝဇ္ဇာနိ။ ဒုစ္စရိုက်ဖြစ် - အညစ်မတင် - သန့်ရှင်းစင်ကုန်သော၊ ကမ္မာနိဝ။ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့သည်လည်းကောင်း၊ ဧတံ။ ဤသုံးပါးသောတရားသည်။ ဥတ္တမံ။ သော။ မင်္ဂလံ။ မည်၏။

၈ ဒေဝတေ။ နတ်သား။ ပါပါ။ အမျက်ထန်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ ကျေးဇူးမဲ့ခြင်း၊ သူတပါးကိုမနာလိုခြင်း၊ ဝန်တိုခြင်း၊ ကောက်ကျစ်ခြင်း၊ စဉ်းလဲခြင်းအစရှိသော ယုတ်မာသောတရားအရပ်မှ။ အာရတိဝ၊ ကိုယ်နှုတ်နှစ်ပြင်၊ ဝေးစွာကြဉ်ရခြင်းသည်လည်းကောင်း၊ ဝိရတိဝ။ စိတ်မနောတွင်၊ အထူးကြဉ်ရခြင်းသည်လည်းကောင်း။ မဇ္ဇပါနာ။ ယစ်မျိုးငါးပါးကိုသောက်စားခြင်းမှ၊ သံယမောဝ၊ စောင့်ရှောက်ရခြင်းသည်လည်းကောင်း။ ဓမ္မေသု။ ဒါန,သီလ,ဘာဝနာစသော၊ ပုညကိရိယာဆယ်ပါး၊ ကုသိုလ်တရားတို့နှိုက်။ အပ္ပမာဒေါဝ။ ဘယ်ညဉ့်နေ့မှ၊ မေ့၍ တစ်၊ မပြုမိဟု၊ မရှိရခြင်းသည်လည်းကောင်း။ ဧတံ။ ဤလေးပါးသောတရားသည်။ ဥတ္တမံ။ သော။ မင်္ဂလံ။ မည်၏။

၉ ဒေဝတေ။ နတ်သား။ ဂါရဝေါဝ။ ရိုသေထိုက်သောသူတို့နှိုက်။ သူတပါးကို ရိုသေရခြင်းသည်လည်းကောင်း။ နိဝါတောဝ၊ နှိမ့်ချထိုက်သောသူတို့၌။ မိမိကိုယ်ကိုနှိမ့်ချရခြင်းသည်လည်းကောင်း။ သန္တုဋ္ဌိဝ။ လောကသိုက်မြုံ၊ ကာမဂုဏ်နှိုက်၊

အာရုံမကြီး၊ တရားမှိုင်း၍၊ သိမ်းဆည်းငြိုးခြိ၊ ကံပေးသမျှ၊
ရတတ်သရွေ့၊ သူတော်လေ့ဖြင့်၊ ချမ်းမြေ့စံပယ်၊ ရောင့်ရဲ
လွယ်ရခြင်းသည်လည်းကောင်း။ ကဟာညုတာစ။ထမင်း တ
ဆုပ်၊ရေတမှုတ်မျှ၊မ စ ပေးဘူး၊သူ့ကျေးဇူးကို၊ အရေးကြီး
ကျယ်၊မြင့်မိုရ်နှယ်သို့၊မကွယ်မပ၊သိတတ်ရခြင်းသည်လည်း
ကောင်း။ကာလေန။မကြာမကြာ၊အခါခါနိုက်။ဓမ္မဿဝနာစ။
ကုသိုလ်ပွါးရာ၊ အလိမ္မာပွါးကြောင်း၊သူတော်ကောင်းအား၊
ဆည်းကပ်ပြီး၍၊တရားဓမ္မ၊ နာခံရခြင်းသည်လည်းကောင်း။
ဧတံ၊သည်။ဥတ္တမံ။သော။မင်္ဂလံ။မည်၏၊

၁၀ ခေမဝတော။နတ်သား။ ခန္တီစ။ချမ်းသာတွေ့သော်လည်း
မတက်ကြွ၊ ဒုက္ခတွေ့သော်လည်းစိတ်မပျက်၊ အမျက်မထန်၊
သည်းညည်းခံရခြင်းသည်လည်းကောင်း၊ သောဝစဿတာ။
ဆိုဆုံးမလျှင်၊ ဒေါသမထင်၊ ကျေးဇူးတင်သဖြင့်၊ ဆုံးမချင်
ဘွယ်၊ အလွန်လွယ်သောစကားရှိသည်၏အဖြစ်သည်လည်း
ကောင်း၊သမဏာနံ။ရဟန်းအပေါင်း၊သူတော်ကောင်းတို့ကို။
ဒဿနံ။ ကြည်ဖြူလေးမြတ်၊ ဆည်းကပ်ဖူးမြင်ရခြင်းသည်
လည်းကောင်း။ကာလေန။မကြာမကြာ၊အခါခါနိုက်။ ဓမ္မသာ
ကစ္ဆာ။လူကောင်း-ရှင်ကောင်း၊သူတော်ကောင်းနှင့်၊ပေါင်းဆုံ
ပြီး၍၊ တရားကျမ်းဂန်၊ အတန်တန်ကို၊ ဥာဏ်သွားသန့်ရှင်း၊
လင်းထက်လင်းအောင်၊ အချင်းချင်းနှီးနှော၊ ပြောဆိုရခြင်း
သည်လည်းကောင်း။ဧတံ၊ဤလေးပါးသောတရားသည်။ ဥတ္တ
မံ။သော၊မင်္ဂလံ။မည်၏၊

၁၁ ဒေဝတော။နတ်သား။ တပေါစ။ ရှစ်ပါးဥပုသ်၊စောင့်
ချုပ်ထိန်းသိမ်းခြင်းစသောငြိုးခြံမှုသည်လည်းကောင်း။ဗြဟ္မ
စရိယဉ္စ။ကာမဂုဏ်နှင့်၊အခါရုံမစပ်၊မြတ်သော ရဟန်းအကျင့်
ကိုကျင့်ရခြင်းသည်လည်းကောင်း။အရိယသစ္စာနံ။ ဒုက္ခ,သမု
ဒယ၊ နိရောဂနှင့်၊မဂ္ဂဟူသည့်၊ဖြူစင်ဖြောင့်မှတ်၊လွန်ထူးမြတ်
သော၊လေးရပ်သစ္စါ၊နက်နဲစွာကို။ဒဿနဉ္စ။ ပြက်ပြက်ထင်ထင်
ဉာဏ်၌မြင်ရခြင်းသည်လည်းကောင်း။နိဗ္ဗာနသစ္ဆိကိရိယာစ။
အဏ္ဍဇရှုမှန်၊ကိုယ်သန္တာန်၌၊အမိုက်ခပင်း၊ ကုန်ငြိမ်းခြင်းကို၊
လင်းလင်းထင်ထင်၊ တွေ့မြင်သမှု၊ မျက်မှောက်ပြုရခြင်းသည်
လည်းကောင်း။ ဧတံ။ဤလေးပါးသောတရားသည်။ ဥတ္တမံ၊
သော။မင်္ဂလံ။မည်၏။

၁၂ ဒေဝတော။နတ်သား။လောကဓမ္မေဟိ။ လောကဓံတ
ရားရှစ်ပါးတို့နှင့်။ဖုဋ္ဌဿ။ခိုက်တိုက်တွေ့ကြုံရသော၊ ယဿ။
အကြင်တာဒိဂုဏ်နှင့်ပြည့်စုံပေလတ်၊ယောက်ျားမြတ်၏၊
စိတ္တံ။စိတ်သည်။ နကမ္ပတိ။ မတုန်လှုပ်။အသောကံ။ဒုက္ခမျိုး
ကြောင့်၊စိုးရိမ်ပူပန်ခြင်းမရှိ။ဝိရဇံ။သုခမျိုးကြောင့်၊ကြိုးကြိုး
ကြွကြွ၊စိတ်ရွှင်ပျော်သည့်၊ ရာဂဟူသောမြူလည်းမရှိ။ ခေမံ၊
အတ္တာနုဝါဒဘေး၊ပရာနုဝါဒ ဘေးတို့မှလည်းဝေး၏။တဿ။
ထိုတာဒိဂုဏ်နှင့်ပြည့်စုံပေလတ်၊ယောက်ျားမြတ်၏၊ဧတံ။
ဤသုံးပါးသောတရားသည်၊ ဥတ္တမံ။အများလောက၊သမုတ်
ကြသော။ ဒိဋ္ဌမင်္ဂလာ၊ သုတမင်္ဂလာ၊မုတမင်္ဂလာ စသည်တို့
ထက်၊ဆတက်လွန်ကျူး၊အထူးမြင့်မြတ်သော။မင်္ဂလံ။လော

ကီ,လောကုတ္တရာ၊ချမ်းသာပွါးကြောင်း၊ကောင်းသောမင်္ဂလါမည်၏။

၁၃ ဒေဝတာ၊နတ်သား။ ဧတာဒိသာနိ၊ ဤသို့သဘောရှိကုန်သော။မင်္ဂလာနိ၊ လောကီ,လောကုတ္တရာ၊မင်္ဂလာတို့ကို။ ကတွာန၊ပြည့်စုံစွာပြုကျင့်နိုင်ကြကုန်သည်ရှိသော်။ သဗ္ဗတ္ထ၊ နေလေရာရာ၊ခပ်သိမ်းသောအရပ်ဒေသတို့၌။အပရာဇိတာ၊ လောကီ,လောကုတ္တရာ၊ ချမ်းသာစီးပွါးတို့မှ ဆုံးရှုံးခြင်းမရှိနိုင်ကုန်သည်ဖြစ်၍။သဗ္ဗတ္ထ။တို့၌။ သောတ္ထိံ။ ကောင်းမြတ်သောမင်္ဂလာနှင့်ပြည့်စုံခြင်းသို့။ ဂစ္ဆန္တိ။ ရောက်ကြကုန်၏။ တေသံ၊ထိုမင်္ဂလာကို၊တွေ့လာဥဿုံ၊ကြုံကြကုန်သူ၊ နတ်လူအပေါင်းတို့အား။ တံ။ထိုသုံးဆဲ့ရှစ်ပါးသော တရားအပေါင်းသည်သာလျှင်၊ ဥတ္တမံ။ အများလောက၊သမုတ်ကြသော၊ဒိဋ္ဌမင်္ဂလာ၊သုတမင်္ဂလာ—မုတမင်္ဂလာစသည်တို့ထက်။ဆတက်လွန်ကျူး—အထူးမြင့်မြတ်သော၊မင်္ဂလံ။လောကီ—လောကုတ္တရာ—ချမ်းသာပွါးကြောင်း—ကောင်းသောမင်္ဂလာမည်၏။

မသိတတ်လျှင်။ စည်းစိမ်အချပ်ချပ်၊ တတ်သမျှအတတ်။ ကိုယ်ကိုသတ်သည်။

အရှင်လည်းတတ်။အသေလည်းတတ်၊အရာရာမှာသိတတ်မှ၊စည်းစိမ်အချပ်ရင်။ တတ်သမျှအတတ်။ဘဝနှစ်ရပ်မှာ အကျိုးနပ်သည်၊

မသိလျှင်တွယ်၊သိလျှင်ပြယ်သည်။
တွယ်လျှင်ဘေး။ပြယ်လျှင်ငြေးသည်။
မသိတပတ်ပတ်။သိမှအပြီးသတ်သည်။
မသိအစ။သိကာအဆုံး။ကိစ္စတုံးသည်။
မသိဆိုသည်ကား။ ။အဝိဇ္ဇာမောဟကိုပင် ဆိုသည်။ တွယ်ဆိုသည်မှာ။ တဏှာကိုဆိုသည်။ သိ,ဆိုသည်မှာ၊ ။ နာမ်ရုပ်ကို။အဟုတ်သိ။အမှန်သိ။သိသော အသိဉာဏ်ကိုဆိုသည်၊ ။ပြယ်ဆိုသည်မှာ၊အဟုတ်အမှန်ကိုသိသည့်အတွက်။ အဝိဇ္ဇာတဏှာကင်းသည်ကိုဆိုသည်။

အသိဉာဏ်–၂–မျိုးရှိသည်။

{၁} ပညတ္တိအသိဉာဏ်။
{၂} ပရမတ္ထအသိဉာဏ်၊

ပညတ္တိအသိဉာဏ်ဆိုသည်မှာ။ ။မကောင်းသောအမှုကိုပြုသောသူ၊မကောင်းကျိုးကိုခံရသည်။ ကောင်းသောအမှုကိုပြုသောသူ၊ကောင်းကျိုးကိုခံရသည်။ဤသို့စသည် သိသောဉာဏ်ကိုငှင်း၊ ၊ယခုပစ္စုပ္ပန်ဘဝ၊နောင်တမလွန်ဘဝအဆက်ဆက်၊လောကီဘက်မှာ။ ချမ်းသာခြင်း၏အကြောင်း၊ ပွါးစီးခြင်း၏အကြောင်းကို သိတတ်သောဉာဏ်ကိုငှင်း။ ပညတ္တိဉာဏ်ဆိုသည်။

ကံသာလျှင်တမလွန်ဘဝသို့ယူသွားရော–ကိုယ်ပိုင်ဥစ္စာရှိကြကုန်၏၊ ၊ကံသည်သတ္တဝါတို့ကိုခွဲခြမ်းဝေဘန်၏။ ။ သတ္တဝါတို့ကိုကံသာလျှင်ပြုပြင်စီရင်သည်၊

ကံဆိုသည်မှာ၊ ။ပြုဘူးသော ကုသိုလ်အကုသိုလ်စေ တနာကိုဆိုသည်။

ဒုဂ္ဂတိအဟုံ-သုဂတိအဟုံ နှစ်မျိုးရှိသည်။၎င်းဟုံတို့နှင့်။မြင် ကောင်းသောသတ္တဝါတွေ။မမြင်ကောင်းသော သတ္တဝါတွေ ရှိကြကုန်သည်။

၎င်းသတ္တဝါတို့မှာ၊ မကောင်းမှုကံ ဟူသမျှ ကိုယ် သန္တာန်မှာဖြစ်သော်လည်း။အကျိုးမဲ့ကိုသာပြုတတ်နှိုင်စက် တတ်လေသောကြောင့်။ ကိုယ်ဟူ၍မဆိုရ။ ကိုယ့်ဟာဟူ၍ မဆိုရ။သူ့ပိမ်းပြင်ပ။ရန်သူသာဆိုရသည်။

ကောင်းမှုကုသိုလ်ကံဟူသမျှ။ကောင်းကျိုးကိုသာဆောင် တတ်—ချမ်းသာစေတတ်သောကြောင့်— ကိုယ်လည်းမည်၏။ ကိုယ့်ဟာလည်းမည်၏။ဤလိုစသည် သိတတ်သောဥာဏ် သည်လည်း။ပညတ္တိဥာဏ်ပင်တည်း။

ဥာဏ်ဟူသမျှ။အကုသိုလ်နှင့်မယှဉ်။ အကုသိုလ်ဥာဏ် ဟူ၍မရှိ။ ဥာဏ်ဟူသည်။ ယခုဘဝအလို့နှင့် “အတိုသာမြင် သောဥာဏ်”။ “နောက်ဘဝအနေနှင့်။ အရှည်ကို မြင်သော ဥာဏ်” “သံသရာဝဲစာရက်။ အဆက်ဆက်ဟု။အရှည်ထက် အရှည်ကိုမြင်သောဥာဏ်”။ နိဗ္ဗာန်သဉ်းအောင်။အဆုံးတိုင် မြင်သောဥာဏ်အစားစားရှိသည်။

ပညတ္တိဥာဏ်ကို အရင်းခံ၍။ ပါရမီကိုဖြည့်ကြ၍။ လော ကုတ္တရာဘက်သို့ကူးရန်အားယူကြရသည်။

ပညာပ်ကား၊ လောကီဘက်နှင့် အသုံးကျသည်၊ လော ကုတ္တရာဘက်သို့တက်လိုလျှင်-ပညာပ်ကိုဖျက်ရမည်၊
ပရမတ္ထ အသိဉာဏ်ဆိုသည်မှာ၊ သတ္တဝါအကောင်မ ဘက်၊ သက်သက်အဟုတ်ရှိ-တကယ်ရှိ၊ နာမ်နှင့်ရုပ်ကိုသိ သောဉာဏ်ကိုဆိုသည်။

ပရမတ္ထဉာဏ်ကို၊

(၁) ဝိပဿနာဉာဏ်၊

(၂) မဂ်ဉာဏ်ဟူ၍နှစ်မျိုးမှတ်။

ဝိပဿနာဉာဏ်ဆိုသည်မှာ၊ ။အထူးသိတတ်သော ဉာဏ်ကိုဆိုသည်။

အထူးသိဆိုသည်မှာလည်း။သိနေကြ ပညတ္တိဉာဏ်ထက် ထူး၍၊တရုထဲ။ တရှိထဲ။ မိန်းမကောင်၊ ယောက်ျားကောင်၊ သူအကောင်။ငါအကောင်ဟူသော အမြေးအကာ။ပညာပ်လွှာ ကို။ဖယ်ထား၍ခွါဖွစ်၍။အကျိုးအကြောင်းဖြစ်သောရုပ်အစစ်၊ နာမ်အစစ်ကိုသိသည်ကိုဆိုသည်။

ဝိပဿနာသည်။

{က} နှစ်ပါး။

{ခ} ခြောက်ပါး။

{ဂ} ဆယ်ပါး-အပြားရှိသည်။

(က) ဉာဏ်ထက်သောပုဂ္ဂိုလ်တို့မှာ-ဝိပဿနာနှစ်ချက် ဖြင့်၊အသိအဆုံးရောက်နိုင်သည်။

(ခ) ဉာဏ်အလတ်ရှိသောသူတို့မှာ၊ ဝိပဿနာခြေခံချက်ဖြင့်၊ အသိအဆုံးရောက်နိုင်သည်။

(ဂ) ဉာဏ်တုံးသောသူတို့မှာ၊ ဝိပဿနာဆယ်ချက်ဖြင့် အဆင့်ဆင့်တက်မှ အသိအဆုံးရောက်နိုင်သည်။

ဝိပဿနာဉာဏ်ဖြင့်၊ နာမ်ရုပ်တို့၌သိစရာမြင်စရာကုန်၍ နောက်ပိတ်ဆုံးနိဗ္ဗာန်ကို သိလိုက်မြင်လိုက်သောဉာဏ်ကိုပင် မဂ်ဉာဏ်ဆိုရသည်။

မဂ်ဉာဏ်ဆိုသည်မှာ၊ ။အလုံးရုံသောကိစ္စတို့ကိုပြီးစေ၍၊ နောင်တဘန်သိစရာမရှိ။ အဆုံးရောက်သိသောအသိကိုဆိုသည်၊ ။ထိုအဆုံးဉာဏ်သည်၊ မဂ်ဉာဏ်မည်၏။

(သံသရာခရီးသွားဧည့်သည်တို့၏ကိစ္စကြီးလေးပါး။)

ဆင်းရဲကင်းလို။ ချမ်းသာလိုကြသောသတ္တဝါတို့မှာမိမိတို့ ကမသိကြသော်လည်း။ ကိစ္စကြီးလေးပါး အမြဲတွဲကပ်လျက်ပါ ရှိနေကြကုန်၏။

၁ ချမ်းသာစေရန် သွားတတ်။ လာတတ်။ နေတတ်။ ထိုင်တတ်၊ ကျင့်တတ်၊ ကြံတတ်အောင် အမှန်ကျသိစရာ၊ တတ်စရာကိစ္စလည်းကိစ္စကြီးတပါး။

၂ သိသည့်အတိုင်း၊ မကောင်းသော ကာယကံ၊ ဝစီကံ၊ မနောကံဟူသောအကုသိုလ်မျိုးကိုမဖြစ်စေရအောင် အောင့်အည်းဆင်ခြင်ဘွယ်ရှောင်ကြဉ်ပယ်စွန့်ဘွယ်ကိစ္စလည်း ကိစ္စကြီးတပါး၊

၃ သိသည့်အတိုင်းကောင်းသောအမှုအရာ။ဒါန,သီလ, ဘာဝနာဟူသောကုသိုလ်အမျိုးမျိုးကို ဖြစ်ပွါးစေရန် ကိစ္စလည်း ကိစ္စကြီးတပါး။

၄ အကုသိုလ်ကိုပယ်၍၊ ကုသိုလ်ကိုဖြစ်ပွါးစေ၍ ချမ်းသာသုခရဘွယ်ရန်ကိစ္စလည်းကိစ္စကြီးတပါး၊

မဂ်ဉာဏ်ဖြင့်။နိဗ္ဗာန်ကိုမြင်လိုက်သည်နှင့်တပြိုင်နက်၊ကိစ္စကြီးလေးပါးပြီးစီး၍ငြိမ်းကြီးငြိမ်းရလေ၏။

ယင်းမဂ်ဉာဏ်သည်လေးပါးရှိသည်။

၁ သောတာပတ္တိမဂ်ဉာဏ်၊
၂ သကဒါဂါမိမဂ်ဉာဏ်၊
၃ အနာဂါမိမဂ်ဉာဏ်။
၄ အရဟတ္တမဂ်ဉာဏ်၊

ရှေးဉာဏ်သုံးပါးတို့မှာအနည်းငယ်ကိစ္စကျန်ကြွင်းသေးသောကြောင့်ပြီးဆုံးလတံ့ဖြစ်၍ အပြီးအဆုံးဟူ၍ရဋ္ဌတင်၍ဆိုရသည်၊အရဟတ္တမဂ်ဉာဏ်ကိုသာရချယူရမည်။

နောင်လွယ်လွယ်နှင့် နိဗ္ဗာန်ကိုရလို၊ရောက်လိုသောသူတို့မှာ။ဒါနကိုလည်းပွါး။သီလကိုလည်းပွါး။ ဝိပဿနာကိုလည်း ကြားညှပ်၍အားထုတ်ရမည်၊

၁ ဒါနမရှိလျှင်–ရိက္ခာမပါသောခရီးသွား။ဒါနနည်းလျှင် ရိက္ခာနည်းသောခရီးသွားနှင့်အလားတူသည်။

၂ သီလမရှိလျှင်- ခြေကျိုးသောခရီးသွား။ သီလနည်းလျှင် ခြေမသန်သောခရီးသွားနှင့်အလားတူသည်။

၃ ဝိပဿနာမရှိလျှင်—မျက်စိမမြင်သော ခရီးသွား။ ဝိပဿနာနည်းလျှင် မျက်စိမွဲသော ခရီးသွားနှင့် အလားတူသည်။

ဒါနဖြစ်စေ၊သီလဖြစ်စေ၊ ဘာဝနာဖြစ်စေ၊ ကုသိုလ်မှန်လျှင်၊မိမိတို့ဆန္ဒပဏိဓိအားလျော်စွာ။ လိုအပ်သောအကျိုးကိုပေးနိုင်၊ရစေနိုင်၊ရောက်စေနိုင်သည်။

နိဗ္ဗာန်ကိုရလိုရောက်လိုသူမှန်လျှင်။ဒါနကိုခင်သည်။သီလကိုခင်သည်။ဝိပဿနာကိုခင်သည်။ နှစ်လုပ်စာရလျှင်၊စားသူရှိက တလုပ်စာကိုဝေမျှနိုင်သည်။

သဒ္ဓါကိုပညာစောင့်မှ။ ပညာကိုသဒ္ဓါစောင့်မှလမ်းဖြောင့်သည်။

သဒ္ဓါဆိုသည်ကား။ ။အလှူခံကိုမသဒ္ဓါမကြည်ဖြူခြင်းဗျာပါဒ။မိမိပစ္စည်းကိုနှမြောခြင်းလောဘ။ပျင်းရိခြင်း ထိနမိဒ္ဓစသောကိလေသာမြူအနယ်တို့ကို ကင်းရှင်းစေ၍၊ စိတ်ကိုကြည်စေခြင်းသဘော၊ဒါနကုသိုလ်သည်လိုအပ်သောအကျိုးကိုပေးနိုင်သည်ဟုယုံကြည်ပြေးဝင်ခြင်းသဘော။

ပညာဆိုသည်ကား။ ။အမှန်အသင့်ကိုချင့်ချိန်၍သိတတ်သောသဘော။

လောဘဘက်လျှင်-ဒါနခက်သည်။

မကြောက်မရှက်လျှင်-သီလခက်သည်။

သုတမဘက်လျှင် မလေ့ကျက်လျှင်- ဝိပဿနာနှုးကော်သည်။

ဝိပဿနာနှင့်ကင်း၍လည်းနိဗ္ဗာန်ကိုမရောက်နိုင်။

အမှန်ကျန–နည်းကောင်းရလျှင်။ ယုံယုံကြည်ကြည်အား ထုတ်သည်ထက်ကောင်းသောအလုပ်၊တလောကလုံးမှာမရှိ။

(ပရမတ်-ပညတ်ပြခန်း၊)

ပရမတ်ဆိုသည်မှာ၊ အဟုတ်ရှိ။တကယ်ရှိ၊အမှန်ရှိသော တရားကိုဆိုသည်။

ပညတ်ဆိုသည်မှာအဟုတ်မရှိ၊တကယ်မရှိ။အမှန်မရှိသော တရားကိုဆိုသည်၊

ပရမတ်ကိုဖွဲ့မှီ၍ပညတ်ဖြစ်၏။

ပညတ်ကိုခွါလှန်နိုင်မှ။ပရမတ်ပေါ်မည်၊ ပညတ်ကိုခွါလှန်၍ပရမတ်ကိုမြင်အောင်ကြည့်နိုင်မှလည်း။ မဂ်ပေါက်၊ ဖိုလ်ပေါက်။နိဗ္ဗာန်သို့ရောက်နိုင်မည်။

တခုထင်မှတ်။ချင်မပြတ်လျှင်။ပညတ်ပင်။

အများထင်မှတ်အမျှင်ပြတ်မှ။ပရမတ်၊

ပညတ်ကား။ ၊လောကီဘုံသားတို့။ အားရပျော်ပိုက်။အကြိုက်အာရုံ။

ပရမတ်ကား။ ၊လောကုတ္တရာဘုံသားတို့၏။အားရပျော်ပိုက်။အကြိုက်အာရုံ။

ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့မှာ - လောကုတ္တရာရေးထုတ်။ လောကီရေးနှုတ်သည်၊

ဘာသာတပါးလူမျိုးတို့မှာ-လောကီရေးထုတ်။ လောကုတ္တရာရေးနှုတ်သည်။

လောကီကိုဖျက်မှလည်း၊ လောကုတ္တရာသို့တက်နိုင်သည်။

ပရမတ်အစစ်ဆိုသည်မှာ။ ရုပ်တရား၊ နာမ်တရား၊ ဤနှစ်ပါးကိုဆိုသည်။

ရုပ်တရား၊ နာမ်တရားကို၊ သဘာဝနှင့်တကွ။ လက္ခဏာရေးသုံးပါးပါအောင်သိမှ—ပရမတ်စစ်သည်၊

အသား,အနှစ်၊ ပရမတ်အစစ်ကိုသိသောဉာဏ်မျက်စိရှိမှသာ၊ ဘုရားမှန်း၊ သံဃာမှန်းသိမြင်နိုင်သည်။

နာမ်ရုပ်ကိုအပိုင်အနိုင်။ အဟုတ်သိ၊ တကယ်သိ-သိနိုင်မှ။ ပညာ်ကွယ်ပျောက်မည်။

ပညင်ကွယ်ပျောက်မှလည်း၊ တဏှာ၊ မာန၊ ဒိဋ္ဌိကင်းပြတ်မည်။ တဏှာ၊ မာန၊ ဒိဋ္ဌိကင်းပြတ်မှလည်း အပါယ်နှင့်အမွေကင်းပြတ်မည်။

နာမ်ရုပ်ကို-ပရိညာဏ်သုံးပါးဖြင့် သိသည်ကိုဆိုသည်။ ၎င်းသုံးပါးမှာ၊ ဉာတပရိညာဏ်၊ တီရဏပရိညာဏ်၊ ပဟာနပရိညာဏ်။

ဉာတပရိညာဏ်ဆိုသည်မှာ၊ ဘာဝနာနှင့်တကွ။ နာမ်တွေ

ရုပ်တွေ တခြားစီနေအောင် သိနိုင်·မြင်နိုင်သောဉာဏ်ကိုဆို
သည်။

တိရဏပရိညာဏ်ဆိုသည်မှာ။နာမ်ရုပ်တို့၏ဖြစ်ပျက်မစဲ
အမြဲမတည်သော—အနိစ္စသဘောကို၎င်း။ ကြောက်စရာ၊ထိတ်
စရာ၊လန့်စရာ ဒုက္ခသဘောကို၎င်း၊ယူစရာ၊ရစရာ၊ အနှစ်အ
သားမရှိသောအနတ္တသဘောကို၎င်း။သိမြင်ဆုံးဖြတ်နိုင်သော
ဉာဏ်ကိုဆိုသည်။

ပဟာနပရိညာဏ်ဆိုသည်မှာ။သိမြင်ဆုံးဖြတ်ပြီးနောက်၊
တဏှာ၊မာန၊ဒိဋ္ဌိကင်းစင်၍။အလင်းသို့ အရှင်းသို့ရောက်သော
ဉာဏ်ကိုဆိုသည်။

ပရိညာဏ်မှာ၊ လောကီပရိညာဏ်။ လောကုတ္တရာ ပ
ရိညာဏ်နှစ်မျိုးရှိသည်။

လောကီပရိညာဏ်မှာ။ကိစ္စမပြီး။ အသိဆုံးခန်းမရောက်
တဘန်ဆုတ်လယ်၊ပျက်ပြယ်တတ်သေးသည်။

လောကုတ္တရာ ပရိညာဏ်မှာ။ ကိစ္စပြီး၍ အသိဆုံးခန်း
ရောက်သည်၊ တဘန်ဆုတ်လယ် ပျက်ပြယ်ခြင်းမရှိ။တသိထဲ
သိ။တလင်းထဲလင်း။တရှင်းထဲရှင်း။တစင်ထဲစင်။ တကြည်ထဲ
ကြည်။တဧးထဲကိစ္စပြီး၊ဧးကြီးဧးရသည်။

မသိကား—အဝိဇ္ဇာ။အသိကား—ပညာ၊

သုတသိလည်းရှိ၊ယောနိသောမနသိကာရလည်းရှိမှ၊ လော
ကီပရိညာဏ်သိ။ လောကုတ္တရာ ပရိညာဏ်သိကိုရနိုင်
သည်။

သုတသိဆိုသည်မှာ။အသင်,အကြား၊ အမှတ်,အသား အရအမိရှိ၍။သိသောအသိကိုဆိုသည်။

ယောနိသောမနသိကာရဆိုသည်မှာ။ သင်ကြားမှတ်သား မိသည့်အတိုင်း။ စိတ်ကိုကောင်းသော အာရုံနှင့်၊ ကောင်း သောအာရုံကို—စိတ်နှက်ထားနိုင်ခြင်းကိုဆိုသည်၊

သုတအသိဖြင့်၊အဟုတ်အမှန်၊ရုပ်နှင့်နာမ်ကို သိနိုင်မြင်နိုင် လျှင်။ရတနာသုံးပါးကိုမှုံမှုံမွဲမွဲ သိနိုင်မြင်နိုင်တော့သည်သာ။ ရတနာသုံးပါးကို မှုံမှုံမွဲမွဲသိနိုင်မြင်နိုင်မှလည်း၊ပြုသမျှဒါန, သီလဘာဝနာကုသိုလ်တို့၊ တုတ်ခိုင်သန်မြန်း၍၊နောင် မဂ်အ ခြေ၊ဖိုလ်အခြေကောင်းကောင်းကြီးဖြစ်နိုင်သည်။

{စက်လေးပါး၊}

အောင်ပါစက်လေးပါးနှင့်ပြည့်ရုံလတ်မှု-ချမ်းသာများ၏။

၁ ဇရးနှက်ပြုဘူးသောကောင်းမှုရှိသောသူ၏အဖြစ်ဟူ သောပုဗ္ဗေစကတပုညတာတပါး။

၂ သင့်တင့်လျောက်ပတ်သောအရပ်နှက် နေရခြင်းဟူ သောပတိရူပဒေသာဝါသတပါး။

၃ ပညာရှိသူတော်ကောင်းတို့ကိုမှီဝဲခြင်းဟူသော။သပ္ပု ရိသူပနိဿယတပါး၊

၄ မကောင်းသောအမှုကိုပယ်စွန့်၍။ ကောင်းသောအမှု ကိုပြုခြင်းနှက် စိတ်ကိုထားနိုင်ခြင်း ဟူသော—အတ္တသမ္မာပ ဏိဓိတပါး—ဤ ၄ ပါးတည်း၊

(ဝိပတ္တိဆိုသည်မှာ။)

၁ ဂတိဝိပတ္တိ။ မကောင်းသောဂတိနှိုက်ဖြစ်ခိုက်။
၂ ကာလဝိပတ္တိ။ ကာလ၏မကောင်းခြင်း။
၃ ပယောဂဝိပတ္တိ။ မကောင်းသောလုံ့လပယောဂ။
၄ ဥပဓိဝိပတ္တိ။ ရုပ်ဆင်းသဏ္ဍာန်မကောင်းခြင်း။

ကောင်းသောဂတိနှိုက်ဖြစ်ခိုက်။ ကာလ၏ကောင်းခြင်း။ ကောင်းသောလုံ့လပယောဂ။ ရုပ်ဆင်းသဏ္ဍာန်ကောင်းခြင်း။ ဤလေးချက်မှာကုသိုလ်အခွင့်ရသည်။

ဘုတ်ခုပ်စား၊ ပေစား၊ ကျမ်းဂန်တို့နှင့်သာ ကြေပြွန်ရမိ။ တတ်သိလိမ္မာ၍။ ခန္ဓာကိုယ်တဲနှိုက် မတတ်မသိသောပညပ် တတ်၊ ပညပ်သိ၊ ပညပ်လိမ်မာသာဖြစ်၍။ များသောအားဖြင့် တဏှာ၊ မာန၊ ဒိဋ္ဌိတို့ကိုပွါးစေသောကြောင့်တည်း။

လောဘကြီးကြ၊ ဒေါသကြီးကြ၊ မာနကြီးကြ။ ဣဿာ မစ္ဆေရကြီးကြသည်။

တဏှာဆိုသည်မှာ၊ မိမိကိုယ်ကို အားရနှစ်သက်သည် ကားတဏှာ။

မာနမှာ၊ မိမိကိုယ်ကိုဟုတ်တုတ်တုတ်၊ ဟန်တန်တန်ထင် မှတ်သည်ကား—မာန။

ဒိဋ္ဌိဆိုသည်မှာ၊ မဲ့မရ၊ ခွဲမရ၊ တရှိထဲ။ ငါအကောင်အ ခဲ၊ သူအကောင်အခဲထင်မှတ်သည်ကား—ဒိဋ္ဌိ။

ပရမတ်မျက်စိဆိုသည်မှာ၊ အဘန်ဘန်လေ့လာမပြတ်။ သုံးသပ်ဆင်ခြင်၍၊ပညာကိုဖယ်ထားခွါလှန်၊ကိုယ်တွင်းရှိရုပ်နာမ်ခန္ဓာ။အနိစ္စ၊ဒုက္ခ၊အနတ္တလက္ခဏာရေးများကို ခွဲခြမ်းစိတ်ဖြာနိုင်၊အမိဘမ်းနိုင်၍။ကိုယ်ထဲနိူက် တတ်သိသောပညာကို ပရမတ်မျက်စိဆိုသည်။

စာမှာ-တတ်မတတ်၊ ကိုယ်မှာကတတ်၊ ဂါဟတ်ကင်းပြတ်သည်။ ။ဂါဟတ်ဆိုသည်မှာ။ဘမ်းယူကိုက်ဟင်။စွဲလမ်းတတ်ခြင်းကိုဆိုသည်။

တဏှာဂါဟာ၊မာနဂါဟာ၊ဒိဋ္ဌိဂါဟတ်။၃—ပါးမှတ်။

သညာတတ်၊ သညာသိဖြစ်စေ။ ပညာတတ်၊ပညာသိဖြစ်စေ။ဧယာနိသောမနသိကာရယှဉ်၊ စိတ်ကောင်းဝင်မှကုသိုလ်ဖြစ်သည်။

သိမှလည်းနှလုံးသွင်းတတ်သည်။မသိကနှလုံးမသွင်းတတ်။ သိချင်သောသဘောနှင့် သုတကိုရှာရမည်။သုတရှိမှ–အသိကိုရသည်။

သုတကား။ ကောင်း,မကောင်းကိုဆက်ဆံသည်။ ပညာကား အကြောင်းသက်သက် အကျိုးရှိကို ဆုံးဖြတ်ပြီးစီးစေတတ်သည်။

မဟုတ်သိကား မောဟာ။အလွဲသိကား တဏှာ။အမှားသိကား ဒိဋ္ဌိ။

မသိတတ်လျှင်။ စည်းစိမ်အရပ်ရပ်။ တတ်သမျှအတတ်၊ ကိုယ်ကိုသတ်သည်၊ အရှင်လည်းတတ်။အသေလည်းတတ်။

အချာရာမှာသိတတ်မှ။စည်းစိမ်အရပ်ရင်။ တတ်သမျှအတတ်၊ ဘဝနှစ်ရပ်မှာ။အကျိုးနှပ်သည်၊

(ပရမတ်အစစ်ရှင်ကိုပြခန်း။)

ရုပ်မည်ကုန်သောသတ္တဝါအကောင်မဟုတ်ကုန်သောသဘာဝတရားတို့သည်။အဟုတ်ရှိ၊တကယ်ရှိရှိကုန်၏။

နာမ်မည်ကုန်သောသတ္တဝါအကောင်မဟုတ်ကုန်သောသဘာဝတရားတို့သည်၊အဟုတ်ရှိ။တကယ်ရှိရှိကုန်၏။

ဩကာသလောကကြီး။သတ္တလောကကြီးသည်။ထူးထွေဆန်းပြား၊အလွန်များ၏၊ထိုသို့များသော်လည်းပညပ်အားဖြင့်သာများလေသည်။

ပညပ်ကိုဖယ်ထားခွါလှန်၍။ အဖြောင့်အမှန်၊ဧကန်ရှိ၊အဟုတ်ရှိ ရေတွက်သော်။ရုပ်တရား, နာမ်တရား နှစ်ပါးသာရှိသည်၊ယင်းနှစ်ပါးကိုနှုတ်လိုက်သော်၊တလောကလုံးမှာ ဘာမျှမရှိမှတ်။နိဗ္ဗာန်ကိုလည်းနာမ်ခေါ်သည်။

ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်၊ သုဂတိအဟိတ်ပုဂ္ဂိုလ်၊ ဒွိဟိတ်ပုဂ္ဂိုလ်၊တိဟိတ်ပုဂ္ဂိုလ်၊ရုပ်သာရှိသောသတ္တဝါ၊နာမ်သာရှိသောသတ္တဝါ၊ ရုပ်နာမ်နှစ်ပါးရှိသောသတ္တဝါ၊ စိတ်ရှိသောသတ္တဝါ၊စိတ်မရှိသောသတ္တဝါ၊ စိတ်ရှိသည်လည်းမဟုတ်။မရှိသည်လည်းမဟုတ်သောသတ္တဝါ၊ ဤသို့စသည်များသည်။ ပုဂ္ဂိုလ်ဟူ၍၊သတ္တဝါဟူ၍၊အကောင်ဟူ၍၊ခေါ်ရုံခေါ်ရသော နာမ်ရုပ်အလုံးအထွေးကို။အဇ္ဈတ္တသန္တာန်ခေါ်သည်၊

ပုဂ္ဂိုလ်၊သတ္တဝါ၊ အကောင်မခေါ်ရသော။လေ၊ ရေ၊မြေ၊ တော၊တောင်စသော်ဥတုဇရုပ်အလုံးအထွေးကိုဗဟိဒ္ဓသန္တာန် ခေါ်သည်။

ယင်းအဇ္ဈတ္တသန္တာန်၊ ဗဟိဒ္ဓသန္တာန်ဟူသောနာမ်ရုပ်နှစ်ပါးသာ၊အဟုတ်ရှိ၊တကယ်ရှိရှိသည်။နာမ်ရုပ်နှစ်ပါးကို နှုတ်သော်၊ဘာမျှမရှိ။ခေါ်ရုံသာ ခေါ်ကြရလေသည်။

ရုပ်ဆိုသည်မှာ။ လေးပါးကုန်သော မဟာဘုတ်တို့၄င်း။ လေးပါးကုန်သောမဟာဘုတ်တို့ကိုစွဲ၍ဖြစ်သော၊ ဥပါဒါယရုပ်၄င်း။ဤနှစ်ပါးအပေါင်းကိုရုပ်ဟူ၍ဆိုသည်၊

မဟာဘုတ်ဥပါဒါယရုပ်နှစ်မျိုးရှိသည်၊

ပထဝီ၊အာပေါ၊တေဇော၊ဝါယော ဓာတ်ကြီးလေးပါးကို မဟာဘုတ်ခေါ်သည်။ကြွင်း ၁၄ ပါးသောရုပ်တို့ကို ဥပါဒါယရုပ်ဆိုသည်။

ပထဝီဓာတ်ဆိုသည်မှာ။ငါ့ကိုယ်၊ သူ့ကိုယ်၊လူတို့ခန္ဓာကိုယ်၌။လူခြောက်မှန့်တွေ့နှင့်တူသော။တွေ့အပ်၊ ထိအပ်၊အမှန့်၊အဖတ်၊ အမာဓါတ်သဘောဖွဲ့တွကိုပင် ပထဝီဓါတ်ဆိုရသည်။

အာပေါဓါတ်ဆိုသည်မှာ။သွေးနှင့်တူသော။အနိုးအစပ်။ အဖွဲ့အစည်း။အရည်အပျော်သဘောတွေကိုပင်အာပေါဓါတ်ဆိုသည်။

တေဇောဓါတ်ဆိုသည်မှာ၊နွဖတ်လတ်ဆတ်ပျောင်းပြော့

အောင်။ ပုဆွေးရင့်ကျက်စေတတ်သော အပူအငွေ့ငွေ့ တွေကို ပင်တေဇောဓါတ်ဆိုရသည်၊

ဝါယောဓါတ်ဆိုသည်မှာ။ ဖေါင်းပွ၊ တိုးဝှေ့၊ တွန်းကန် တောင့်ခိုင်စေတတ်သောလေဓါတ်တွေကိုပင် ဝါယောဓါတ် ဆိုရသည်။

ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဟူသော။ ယင်းဓါတ် လေးပါးတို့သည်၊ အချင်းချင်းကျေးဇူးပြု၍။ ဘယ်ဓါတ်အ တွင်း။ ဘယ်ဓါတ်အပြင်ဟူ၍မဆိုရဘဲ။ ပေါင်းစုလုံးထွေး၍ သတ္တဝါအကောင်မဟုတ်ဘဲလျက်။ ငါအကောင်၊ သူ့အကောင် ခွေးကောင်၊ လူကောင်၊ သတ္တဝါအကောင်ထင်မှတ်ရအောင်။ လှည့်ပတ်ဖန်ဆင်းတတ်သည်။

(ဥပါဒါယရုပ်–၁၄–ပါး။)

၁ ဝဏ္ဏ–အဆင်းရုပ်၊
၂ ဂန္ဓ–အနံ့ရုပ်။
၃ ရသ–အရသာရုပ်။
၄ ဩဇာ–အာဟာရရုပ်။
၅ ဇီဝိတ–ကိုယ်စောင့်ရုပ်၊
၆ ဣတ္ထိဘာဝ–မိန်းမရုပ်၊
၇ ပုမ္ဘာဝ–ယောကျ်ားရုပ်၊
၈ ကာယပသာဒ–ကိုယ်အလုံးနှိုက်အကြည်ရုပ်။
၉ စက္ခု–မျက်စိနှိုက်အကြည်ရုပ်။

၁၀ သောတ—နားနှင့်အကြည်ရုပ်၊
၁၁ ဃာန—နှာခေါင်းနှင့်အကြည်ရုပ်၊
၁၂ ဇိဝှါ—လျှာနှင့်အကြည်ရုပ်။
၁၃ ဟာဒယဝတ္ထု—ရင်လယ်နှင့်ဟာဒယဝတ္ထုရုပ်။
၁၄ သန္ဒ—အသံရုပ်။

ပေါင်း-၁၄-ပါးသောရုပ်တို့သည်။ မဟာဘုတ်ဂါတ်ကြီး ၄—ပါးကို မှီတွယ်စွဲကပ်၍တည်သောကြောင့်။ ဥပါဒါယရုပ် ခေါ်သည်။

မဟာဘုတ်—ဥပါဒါယရုပ်တို့၏ပေါင်းရလုံးထွေး။အရအ ဝေးကိုပင်။ သူ့အကောင်၊ ငါ့အကောင်၊ သတ္တဝါအကောင်၊ ထင်ကြရ၊မြင်ကြရ၊ခေါ်ဆိုကြရသည်။

သိတ၊ ဥဏှတို့နှင့် တွေ့ကြုံလျှင်။ ဖေါက်ပြန်တတ်သော ကြောင့်။ယင်းမဟာဘုတ်၊ဥပါဒါယ ရုပ်တို့ကို—ရုပ်ဟူ၍ဆိုရ သည်၊

လူသေရုပ်ကောင်။ လူရှင်ရုပ်ကောင်။ ဘာအာရုံတခုကိုမှ အာရုံမပြုဘတ်။ဘာမှန်းမှမသိတတ်။

* အသိမှုကား။နာမ်တရား၊တမျိုးတခြားမှတ်။

(နာမ်ခန်း။)

နာမ်ဆိုသည်မှာ။မျက်စိအိမ်၊နားအိမ်၊နှာခေါင်းအိမ်၊ လျှာ အိမ်၊ကိုယ်ဟူသောအအိမ်၊ နှလုံးဟူသောအအိမ် ခြောက်ခု

နှိက်။အာရုံနှိက်တိုက်တိုင်း။တချပြီးတခု။တဖြုတ်ဖြုတ်တဖွါးဖွါး၊အမြဲဖြစ်ပေါ်၍နေသော အဘော်သယာဲနှင့်တကွသော။အသိတွေကိုဆိုသည်။

ယင်းအသိကိုပင်။စိတ်ဟူ၍လည်းဆိုရသည်၊ဝိညာဏ်ဟူ၍လည်းဆိုရသည်၊

ယင်းစိတ်ဝိညာဏ်ဟူသော အသိကို၊အာရုံကို သိတတ်သော၊အာရုံသို့ညွှတ်တတ်သောကြောင့် နာမ်ဆိုရပြန်သည်။ စိတ်ဝိညာဏ်ဟူသော အသိသည်လည်း အာရုံရှိမှ၊အာရုံနှင့်ဆက်စပ်ရမှ၊အာရုံကိုဆွဲကိုင်ရမှ၊ဖြစ်နိုင်ပေါ်နိုင်သည်။

အအိမ်ခြောက်ခုတို့နှိက်။စိတ်ခြောက်မျိုး ပြိုင်၍မဖြစ်၊တအိမ်နှိက်ဖြစ်ပြီးမှ၊တအိမ်နှိက်ဖြစ်သည်။စိတ်ခြောက်မျိုး တခြားစီသာဖြစ်ကြရသည်၊

ရုပ်တမျိုးတခြား၊ နာမ်တမျိုးတခြား ကွဲပြားအောင်မှတ်။ ရုပ်နာမ်နှစ်ပါး ပေါင်းစပ်ရမှ။ လှုပ်တတ်၊ လှုက်တတ်၊အရှင်သတ္တဝါအကောင်ကဲ့သို့ထင်ရသည်။

ပညာကိုမရှုမလှုနိုင်ကြသည့်အတွက်။ပညာကို အစွဲပြု၍။ ပုထုဇဉ်တို့သည်။တဏှာ၊မာန၊ဒိဋ္ဌိ တရားသုံးပါးတို့ဖြင့်။ အလွဲလွဲထင်မှား၊မြင်မှား၊ယူမှားစွဲလန်းကြကုန်၏၊

သာသနာဆိုသည်မှာ။မဟုတ်မရှိဘဲ ထင်မှား၊မြင်မှား၊ယူမှား စွဲလန်းကြသော အတ္တဒိဋ္ဌိကိုပျောက်ဆီးရန်နည်းလမ်းကို။ သာသနာဆိုသည်။

{အဘိဓမ္မာဖျက်သိးရန်ဉာဏ်အစဉ်}

အဘိဓမ္မာသည်၊ အပေါ်ယံပညာအမြေးကိုအစွဲပြု၍ဖြစ်၏။ ပညာအမြေးကိုခွါဖွာနိုင်မှ၊အဘိဓမ္မာကင်းသည်။

ခွါဖွာနိုင်သည်မှာလည်း။ အသိဉာဏ်ဖြင့်ခွါဖွာနိုင်ရသည်၊ ယင်းအသိဉာဏ်သည်–၉–ပါးရှိသည်။

၉–ပါးဆိုသည်မှာ။

၁ နာမရူပ ပရိစ္ဆေဒဉာဏ်၊ ၂–ပစ္စယပရိဂ္ဂဟာဉာဏ်။ ၃–အနိစ္စဉာဏ်။ ၄–ဒုက္ခဉာဏ်၊ ၅ အနတ္တဉာဏ်။ ၆–နိဗ္ဗိန္ဒာဉာဏ်ဟူ၍ လောကီဘက်နိုက် ခြောက်ပါး။ ၇–မဂ်ဉာဏ်။ ၈–ဖိုလ်ဉာဏ်။ ၉–ပစ္စဝေက္ခဏာဉာဏ်ဟူ၍ လောကုတ္တရာဘက်နိုက်–၃–ပါ။ပေါင်း–၉–ပါးကိုဆိုသည်။

၁ နာမရူပ ပရိစ္ဆေဒ ဉာဏ်ဆိုသည်မှာ။ ။နာမ်တွေ ရုပ်တွေ။အသွယ်သွယ်၊ အမျှင်မျှင်၊ အသီးသီး၊ တခြားစီနေအောင်၊ထင်နိုင်၊မြင်နိုင်၊ပိုင်းခြားနိုင်သော ဉာဏ်ကိုဆိုသည်။

၂ ပစ္စယပရိဂ္ဂဟာဉာဏ်ဆိုသည်မှာ၊ ။ဘယ်ဟာကြောင့် နာမ်ရုပ်ဖြစ်သည်ဟု၊နာမ်ရုပ်၏အကြောင်းကိုအမှန်ကျသိနိုင်၊ မြင်နိုင်၊သိမ်းဆည်းနိုင်သောဉာဏ်ကိုဆိုသည်။

၃ အနိစ္စဉာဏ်ဆိုသည်မှာ။ ။ယင်းနာမ်ရုပ်တို့၏ အဖြတ်အဖြတ်၊အတစ်အတစ်၊အသစ်အသစ်၊ ရေပွက် လျှပ်စစ်ကဲ့သို့။ဖြစ်ပျက်မစဲ။အမြဲမတည်သည်ကို သိနိုင် မြင်နိုင်သော ဉာဏ်ကိုဆိုသည်၊

၄ ဒုက္ခဉာဏ်ဆိုသည်မှာ။ ။ဖြစ်၍ဖြစ်၍ပျက်ကြသော နာမ်ရုပ်တွေကို။ထိတ်ဘွယ် လန့်ဘွယ် ကြောက်ဘွယ်ကြီး ဒုက္ခတွေဟုသိနိုင်၊မြင်နိုင်သောဉာဏ်ကိုဆိုသည်။

၅ အနတ္တဉာဏ်ဆိုသည်မှာ။ ဖြစ်ပျက်မစဲ။ ကြော်ဘွယ် ထိတ်ဘွယ် လန့်ဘွယ် နာမ်ရုပ်တို့၏ အကောင်မဟုတ် အရှင်မဟုတ် ပိုင်သူမရှိ နိုင်သူမရှိ အစိုးရသူမရှိ သူဖြစ်ချင်သလိုဖြစ် သူပျက်ချင်သလိုပျက် ရေပွက်လျှပ်စစ်ကဲ့သို့၊အပသူမခံ **အ**ကိုင်မခံ ယူစရာ ရစရာ အနှစ်အသား မရှိသည့် **အ**ဖြစ်ကိုသိနိုင် မြင်နိုင်သောဉာဏ်ကိုဆိုသည်။

၆ နိဗ္ဗိန္ဒဉာဏ် ဆိုသည်မှာ။ ငြီးငွေ့သောဉာဏ်ကို ဆိုသည်။ ။ဘဝသံသရာ ခန္ဓာအစဉ်နှိုက်။ကြောက်ရွံ့ငြီးငွေ့တော့သည်သာအမှန်။ယင်းသို့ကြောက်ရွံ့သည်ကိုပင် နိဗ္ဗိန္ဒဉာဏ်ဆိုသည်။

ကြောက်ရွံ့ ငြီးငွေ့ ဆိုသော်လည်း။ ဒေါမနဿအစွမ်းဖြင့်။ ဆင်းရဲ ပင်ပန်းရလောက်အောင် ကြောက်ရွံ့ငြီးငွေ့မျိုးမဟုတ်။

စင်စစ်မှာ။ယထာဘူတဉာဏ်ဖြင့် အမှန်ကိုသိလိုက်သော်၊ ကြောက်ရွံ့လန့်ဘွယ်။မတွယ်မနှစ်သက်၊ လွတ်ထွက်ကင်းရှင်းချင်။မရွှင်ငြီးငွေ့။မပျော်မွေ့သောအခြင်းအရာဖြင့်၊ အသိဉာဏ်ညက်ညောသိမ်မွေ့စွာဖြစ်သည်ကိုပင်။ ကြောက်ရွံ့ငြီးငွေ့သည်ဟူ၍ဆိုရသည်၊

ယထာဘူတဉာဏ်ဆိုသည်မှာ။ အကျိုးအကြောင်း ဖြစ်သောနာမ်ရုပ်အစစ်ကို။အမှန်ကျ တရှိန်တဲသိနိုင်သောဉာဏ်ကိုဆိုသည်။

(လောကုတ္တရာဘက်၌ဉာဏ်သုံးပါး။)

၁ မဂ်ဉာဏ်ဆိုသည်မှာ။လောကီဘက်နှိုက်သိစရာကုန်၍။အသိကိစ္စအပြီးသတ်။လောကီကိုစွန့်လွှတ်ကျော်ဘောက်။နိဗ္ဗာန်သို့ဆိုက်ရောက်သောအသိဉာဏ်ကိုဆိုသည်။

၂ ဖိုလ်ဉာဏ်ဆိုသည်မှာ၊ မဂ်၏အကျိုး၊ မဂ်၏နောက်ထပ်၊မဂ်၏ကိစ္စကိုအပြီးသတ်စေသောဉာဏ်။ရပြီးသောနိဗ္ဗာန်၏အရသာကိုခံစားတတ်သောဉာဏ်ကိုဆိုသည်။

၃ ပစ္စဝေက္ခဏာဉာဏ်ဆိုသည်မှာ၊ သိမြင်ဘွယ်၊ ပယ်ရှင်းဘွယ်။ ကျင့်ကြံအားထုတ်ဘွယ်ကိစ္စဟူသမျှပြီးဆုံးကျွတ်လွတ်ပေပြီဟု၊ဆင်ခြင်စိတ်ချ။ဗျာပါရမရှိ။ကြောင့်ကြမဲ့။ကိစ္စပြီး၊ဧးကြီးဧးရသောဉာဏ်ကိုဆိုသည်။

တနည်း-ဝိပဿနာဉာဏ်နှစ်ပါးဖြင့်၊
အတ္တဒိဋ္ဌိကိုဖျက်ဆီးရန်၊

ဘိက္ခုဆိုသည်မှာ၊နာမ်ရုပ်နှိုက်၊ငါ၊ငါ့ဟာဟူ၍တွယ်တာမြတ်နိုးခြင်းသည်။အခါခင်သိမ်းမရှိ။ပျောက်ခဲ့၊ပျက်စီးခဲ့သော်လည်းမပင်ပန်းမစိုးရိမ်။ ထိုကဲ့သို့သောယောက်ျား၊မိန်းမကို။

ထိုအတွယ်အတာအစိုးရိမ်မရှိခြင်းကြောင့်။စင်စစ်ဘိက္ခုဟူ၍ဆိုအပ်၏။ ။ငါ၊ငါ့ဟာဟူ၍ ထင်မှတ်စွဲလန်းတတ်သော။တဏှာ၊မာန၊ဒိဋ္ဌိကိုဖျက်ဆီးတတ်၏။ထို့ကြောင့် ဘိက္ခုမည်၏။

(နာမ်ရုပ်အစစ်။)

နာမ်ရုပ်အစစ်ဆိုသည်မှာ။ ဝိသေသလက္ခဏာ၊ သာမညလက္ခဏာ။ဤနှစ်ပါးကိုဆိုသည်။

ဝိသေသလက္ခဏာဆိုသည်မှာ။ တွေ့အင်၊ထိအပ်၊အမာအဖပ်။ပထဝီအထည်ကိုယ်ကိုဆိုသည်၊

အဖပ်ဆိုသော်လည်း။ မြင်အပ်သောအဖပ်မျိုးမဟုတ်။ ဥမိခဏ္ဍထင်ရှားရှိ၍တွေ့အပ်၊ထိအပ်၊အကြမ်း၊အနု၊အခုအခံသဘောကိုအဖပ်ဆိုသည်၊

သာမညလက္ခဏာဆိုသည်မှာ၊ယင်းပထဝီအထည်ကိုယ်၏အတည်မမြဲ။ဖြစ်၍ဖြစ်၍ပျက်သောအနိစ္စသဘော၊ကြောက်၍ဒုက္ခသဘော။ ခိုင်မြဲသောအနှစ်အခဲမဟုတ်၊ အကောင်မဟုတ်သောအနတ္တသဘော။ဤသဘောသုံးချက်ကိုဆိုလိုသည်။

ယင်းအနိစ္စသဘော၊ဒုက္ခသဘော။အနတ္တသဘောကိုအမိယူ၍အောက်နိုက်ဘော်ပြသောဝိပဿနာ—၁၀—ပါးဖြင့်၊တဆင့်တဆင့်တက်၍ပွါးပါ။အသိရင့်မာ၍လိုသောဆန္ဒနှင့်ပြည့်ရံပါလိမ့်မည်။

(ဝိပဿနာဉာဏ် ၁၀ ပါး၊)

၁ သမ္မသနဉာဏ်၊	၆ နိဗ္ဗိန္ဒဉာဏ်။
၂ ဥဒယဗ္ဗယဉာဏ်၊	၇ မုဉ္စိတုကမျတာဉာဏ်။
၃ ဘင်္ဂဉာဏ်၊	၈ ပဋိသင်္ခါဉာဏ်။
၄ ဘယဉာဏ်။	၉ သင်္ခါရုပေက္ခာဉာဏ်။
၅ အာဒီနဝဉာဏ်။	၁၀ အနုလောမဉာဏ်၊

၁ သမ္မသနဉာဏ်ဆိုသည်မှာ။ လက္ခဏာရေးသုံးပါးမထင်–ထင်အောင်။သုံးသပ်ဆင်ခြင်သောဉာဏ်ကိုဆိုသည်။

၂ ဥဒယဗ္ဗယဉာဏ်ဆိုသည်မှာ။လက္ခဏာရေးသင်၍။အဖြစ်အပျက်တွေကိုမြင်သောဉာဏ်ကိုဆိုသည်။

၃ ဘင်္ဂဉာဏ်ဆိုသည်မှာ။လက္ခဏာရေးအလွန်ထင်မြင်၍၊အပျက်ကိုသာမြင်သောဉာဏ်ကိုဆိုသည်၊

၄ ဘယဉာဏ်ဆိုသည်မှာ။အပျက်တွေကိုသာမြင်သောကြောင့်၊ကြောက်သောအခြင်းအရာအားဖြင့် ဖြစ်သောဉာဏ်ဆိုသည်။

၅ အာဒီနဝဉာဏ်ဆိုသည်မှာ၊ အကောင်းကိုမမြင်။ဘေးတွေ၊ရန်တွေဟုအဖြစ်ကိုသာမြင်သောဉာဏ်ကိုဆိုသည်။

၆ နိဗ္ဗိန္ဒဉာဏ်ဆိုသည်မှာ၊ ငြီးငွေ့သောဉာဏ်ကိုဆိုသည်။

၇ မုဉ္စိတုကမျတာဉာဏ်ဆိုသည်မှာ၊ ကျွတ်လိုလွတ်လိုသောဉာဏ်ကိုဆိုသည်။

၈ ပဋိသင်္ခါဉာဏ်ဆိုသည်မှာ။ ကျွတ်လွတ်ရန် လက္ခ

ဏာရေးသုံးတန်ကို တဘနှသပ်မ ၍။ ဆင်ခြင်ပြန်သောဉာဏ်ကိုဆိုသည်။

၉ သင်္ခါရုပေက္ခာဉာဏ်ဆိုသည်မှာ။ လက္ခဏာရေးအစွမ်းကုန်ထင်မြင်သည့်အတွက်၊ ရှုဆင်ခြင်ခြင်း၌ ဗျာပါရမစွက်။ သင်္ခါရတို့၌ကြောက်ခြင်း။ နှစ်သက်ခြင်းကိုစွန့်လွှတ်၍။ လျစ်လျူသာဖြစ်သောဉာဏ်ကိုဆိုသည်။

၁၀ အနုလောမဉာဏ်ဆိုသည်မှာ။ လောကုတ္တရာဘက်သို့ရောက်ခါနီး မဂ်နှင့်လျော်ကန်၊ နှစ်ဘန်သုံးတန်သောဉာဏ်ကိုဆိုသည်။

၁ ဝိပဿနာဉာဏ်နှစ်ပါး။

၂ တနည်း။ ဝိပဿနာဉာဏ်ခြောက်ပါး။

၃ တနည်း။ ဝိပဿနာဉာဏ်ဆယ်ပါး။

လောကုတ္တရာဘက်၌ဉာဏ်သုံးပါး။

ထို့နောက်။ ဂေါတြဘုဉာဏ်ဖြင့်။ နိဗ္ဗာန်သို့ချည်း၊ လောကီကိုထွင်းဖေါက်။ မဂ်ဉာဏ်-ဖိုလ်ဉာဏ်။ ပစ္စဝေက္ခဏာဉာဏ်တို့ဖြင့်။ လောကုတ္တရာဘက်သို့ရောက်လေ၏။

{ဝိပဿနာအကျဉ်းချုပ်။}

ဝေနေယျအား၊ မြင်လုံးထွားအောင်။ ဝိပဿနာတရားဟောကြားတော်မူသော။ စောထွန်ရတနာ။ မြတ်ဗုဒ္ဓါကို၊ သဒ္ဓါညွတ်ကျိုး။ လက်ရ မိုး၍။ ရှိခိုးပါ၏အ ရှင်ဘုရား။

၁ ပထဝီ,အာပေါ။ တေဇော,ဝါယော၊ ဓါတ်သဘောမှာ၊

ခက်မာဘွဲ့စည်း၊ပုဇွး ထောက်ကန့်၊ လေးတန်လက္ခဏာ၊ သိကြောင်းပြသည်၊လေးဝဂာတ်ရင်းသဘောတည်း။

၂ ထိုဂါတ်ကြီးလေးပါး၊ဖြစ်လာပြွားက၊ဝဏ္ဏ,ဂန္ဓ၊ရသ,ဩဇာ၊ဤလေးဖြာ၊မြဲစွာပါမြဲတည်း၊

၃ ထိုဂါတ်ရှစ်ပါး၊မပြားမကွဲ၊တသားထဲမှတ်၊ အဋ္ဌကလာပ်၊ဂါတ်ခဲတပု၊ခေါ်ရေးပြုကြ၊နှိုင်းတုစရာမရ၊ သေးငယ်လှသောသဘောမှုသာတည်း။

၄ အဋ္ဌကလာပ်၊ဂါတ်ခဲအပေါင်း၊'ထောင်သောင်းမက၊ အနန္တများစွာ၊ပေါင်းရလာသော်၊ အမာ,အပြော့၊ အပေါ့,အလေး၊အသေး,အကြီး၊ အနည်းနည်းအထွေထွေ၊ ပွေပွေလီလီ၊အရည်အဖင်၊ဒရဗ်သဏ္ဌာန်၊ပေါ်လာပြန်သည်၊ ၊မှတ်ရန်အကြောင်းနိမိတ်တည်း၊

၅ သဏ္ဌာန်ဒရဗ်၊ ဖြစ်ပေါ်လတ်က၊ ဂါတ်လေးပါးအနက်၊ပထဝီသက်လျှင်၊မာမြဲပင်၊နှံ့လျှင်ပြော့လေ၏၊ ၊အာပေါထက်လျှင်၊ အရည်ပင်၊နှံ့လျှင်ခဲလေ၏၊ တေဇောထက်လျှင်၊ပူဇွေးပင်၊နှံ့လျှင်မျှတ၏၊ ၊ဝါယောနှံ့က၊ ငြိမ်ဝပ်စွ၊လွန်ကလှုပ်ရှား၊ပြေးလွင့်သွားသည်၊ ၊လေးပါးဂါတ်ရင်း သဘောတည်း၊

၆ ကံ,စိတ်,ဥတု၊အာဟာရဟု၊အကြောင်းလေးချ၊ကျေးဇူးပြု၍၊လူ၏ကိုယ်မှာ၊မြန်စွာသခဏ၊ ဖြစ်ကပျက်ပြန်၊ မီးလျှံအသွင်၊ရေအလျဉ်ပမာ၊ရုပ်ခန္ဓာသည်၊ ၊ဘယ်ခါမစဲ၊ဖြစ်ပျက်မြဲတည်း။

၇ ရေ,မြေ,သစ်ပင်။မြင်မြင်သမျှ။ဗဟိဒ္ဓမှာ။ လုံးဝဥဿုံ။ အကုန်ပေါင်းရ။ရုပ်ဖြစ်မှုသည်၊ ။ဥတုတေဇော အကြောင်းတည်း။

၈ သမုဟာဥပါဒါန်၊သဏ္ဌာန်သန္တတိ။ငသည်အပြား။လူအများသည်။ ။ခေါ်ဝေါ်မှတ်သား၊ပညတ်ထားသတည်း။

၉ ပညတ်,ပရမတ်၊ အတတ်မြင်သိ၊ ဉာဏ်နှင့်ကြည့်မှ။ အနိစ္စကို။ ဒိဋ္ဌမှန်စွာ။ မြင်နိုင်ရာသည်၊ ။ပညာအချက်စခန်းတည်း။

၁၀ စက္ခု,သောတ။ဃာန,ဇိဝှါ၊ကာယငါးလီ။ ရုပ်အကြည်တည့်။တလီမှတ်လော။မနောအကြည်—ဘဝင်စိတ်ပေတည်း။

၁၁ အဆင်းရူပ။ သဒ္ဒ အသံ။ အနံ့ ဂန္ဓ။ရသ အရသာ။ အံ့ပွေ့ဖောဋ္ဌဗ္ဗါ။ငါးဖြာအရုံ။ရုပ်အာရုံတွင်။ မနောဝိညာဉ်။ ဆင်ခြင်တုံက။သိသမျှအကုန်။ဓမ္မာရုံတည်း။

၁၂ အကြည်ခြောက်ပုံ။အာရုံခြောက်ပါး။ထိခိုက်ညား က။ခြောက်ပါးဝိညာဉ်။ အစဉ်မပြတ်၊ လျှပ်ရောင်ပမာ။ နာမ်ခန္ဓာသည်။ဆိုင်ရာအသီးအသီး။ဖြစ်ပျက်ကြသတည်း။

၁၃ စက္ခု-ရူပါရုံ။နှစ်ပါးဆုံလျှင်၊ စက္ခုဝိညာဉ်။ပေါ် မြဲပင်။ပေါ်လျှင်မလွဲ။ချုပ်ပျက်မြဲတည်း။

၁၄ သောတ-သဒ္ဒါရုံ။ နှစ်ပါးဆုံလျှင်။ သောတဝိညာဉ် ပေါ် မြဲပင်။ပေါ်လျှင်မလွဲ၊ချုပ်ပျက်မြဲတည်း။

၁၅ ဃာန-ဂန္ဓာရုံ။နှစ်ပါးဆုံလျှင်။ ဃာနဝိညာဉ်၊ ပေါ်ပြပင်။ပေါ်လျှင်မလွဲ။ချုပ်ပျက်ပြတည်း။

၁၆ ဇိဝှါ-ရသာရုံ။နှစ်ပါးဆုံလျှင်။ ဇိဝှါဝိညာဉ်၊ ပေါ်ပြပင်။ပေါ်လျှင်မလွဲ။ချုပ်ပျက်ပြတည်း။

၁၇ ကာယ-ဖောဋ္ဌဗ္ဗာရုံ။နှစ်ပါးဆုံလျှင်။ ကာယဝိညာဉ်။ ပေါ်ပြပင်။ပေါ်လျှင်မလွဲ။ချုပ်ပျက်ပြတည်း။

၁၈ မနော-ဓမ္မာရုံ။နှစ်ပါးဆုံလျှင်။ မနောဝိညာဉ်၊ ပေါ်ပြပင်။ပေါ်လျှင်မလွဲ၊ချုပ်ပျက်ပြတည်း။

၁၉ ဝိညာဏ်ငါး၀။ကြွင်းသမျှကို။မနောဝိညာဉ်တို့၏ ထို စိတ်ခြောက်ပါး။ထခြားမိသာ။ဖြစ်ကြရာသတည်း။

၂၀ နာမ်ရုပ်မှတပါး။ယောကျ်ား-မိန်းမ။အတ္တ,ဇီဝ၊ဘာသမျှ မရှိ။ဉာဏ်နှင့်ကြည့်သော်။ဓာတ်အတိသာရှိချေ၏တကား။

၂၁ နာမ်ရုပ်နှစ်တန်၊သူ့ဖြစ်ဟန်ကို။အမှန်ဒိဋ္ဌ၊ မှတ်ထင်ကြ၍။ငါထ,ငါထိုင်။ငါကိုင်,ငါသွား။ ငါကြား,ငါကြည့်။ ငါသိ,ငါမြင်၊ ဓာတ်ဖြစ်အင်ကို။ ငါပင်ရချ။ မှတ်ထင်ကြသည်။ သက္ကာယဒိဋ္ဌိပွဲလန်းမှုကြီးပါတကား။

၂၂ ဒိဋ္ဌိသက္ကာယာ၊မဂ္ဂါသမျှ။လေး၀အပါယ်။ရောက်ဦး မယ်။နင်ဝယ်သတိထား။မြတ်ဘုရားက၊ရင်ဝမှာလှံစူး။ ထိပ် ဦးမီးလောင်။မရှောင်အဟုတ်။နောက်မဆုတ်ဘဲ။ သဋ္ဌိယာဝိ ယည်းမဒွှောဟု။ဟောကြားတော်မူခဲ့ပြီတကား။

၂၃ နာမ်ရုပ်နှစ်ခု။နှစ်မှုပြု၍၊ရုပ်ပု၊နာမ်ရု။တခုခုနှိုက်၊ ကြီ

ဘန်စေ့ငု။ ဗိုက်၍ရှုမှ။ဓာတ်ရင်းမူလ၊သဘာဝကို။ဒိဋ္ဌမသွေ။
မြင်နိုင်ချေမည်တကား။

၂၄ သဏ္ဌာန်အဆင်း။ ခုခံလျှင်းက။ ဥာဏ်နှင့်ရှင်း၍၊ အ
တင်းရှုမှ။အနိစ္စကို။ဒိဋ္ဌမသွေ။မြင်နိုင်ချေမည်တကား။

၂၅ အကြည်ခြောက်ပုံ။အာရုံဝိုက်က၊ ခြော်ပါးဝိညာဉ်၊
အစဉ်ဖြစ်မှု။ဘမ်းယူရှုမှ။အနိစ္စကို။ဒိဋ္ဌမသွေ၊ မြင်နိုင်ချေမည်
တကား။

၂၆ ရုပ်နာမ်ဓမ္မ။အနိစ္စကို၊ဒိဋ္ဌမြင်က။အနတ္တကို၊ မချမြင်
၍၊ငါပင်မဟုတ်၊ နာမ်ရုပ်နှစ်ခု၊ ဓာတ်အမှုသာ ဖြစ်ချေ၏တ
ကား၊မြင်လုံးကွွားသဖြင့်၊သက္ကာယတရား၊ လွှင့်စင်ရှားလေ၏
တကား။

၂၇ ဒိဋ္ဌိသက္ကာယ၊တဒင်္ဂပဟာန်၊ကွာပြန်မှုက၊ စူဠသော
တာပန်၊သမုစ္ဆေဒပဟာန်၊ကွာပြန်ညားက၊ အပါယ်လေးပါး၊
တံခါးပိတ်၍၊နိဗ္ဗာန်အဝင်၊တု စဉ်စံပုဂ္ဂိုလ်၊ဗိသာခါလို၊ ငါတို့
ဖြစ်ရချေမည်တကား။

၂၈ မကွေ့မထောက်၊ လမ်းဖြောင့်တရား၊ ရှိပါသားနှင့်၊
သူများရှူးဘိုင်း၊နှင်မရှူးနှင့်၊ထူးသည့်အခါ၊ဝိပဿနာကို၊ခါခါ
ပွါးမှ၊သွားမည်သိသရာ၊အစဉ်ပါမည်။မြဲစွာသတိထား။

{စိတ်၊စေတသိက်၊ရုပ်၊နာမ်၊နိဗ္ဗာန်ခန်း။}

ကြိတတ်၊သိတတ်သောတရားသည်၊စိတ်မည်၏၊

ကြံစည်ခြင်း။သိခြင်းသဘောသည်-စိတ်မည်၏။ ။စိတ်ကိုအကြောင်းမူလထား၍အာရုံကိုယူကြကုန်၏၊ကြံကြကုန်၏။ ။စိတ်၏အစွမ်းအားဖြင့်သာ။အာရုံကိုသိနိုင်ကြံနိုင်ကြသည်။ ။စိတ်သည်သာလျှင်ဆန်းကြယ်အောင်ပြုလုပ်အပ်ကုန်၏။

စိတ်ဆန်းကြယ်လျှင်၊ တဏှာဆန်းကြယ်၏။ တဏှာဆန်းကြယ်လျှင်—ကံဆန်းကြယ်၏။ ကံဆန်းကြယ်လျှင်-သတ္တဝါအမျိုးမျိုးဖြစ်ရန်- ယောနိဇာတိဆန်းကြယ်၏။ ယောနိဇာတိဆန်းကြယ်မှုကြောင့်၊တိရစ္ဆာန်အမျိုးမျိုးဆန်းကြယ်ရလေ၏။

ဆန်းကြယ်အောင်ပြုတတ်သောကြောင့်၊စိတ်မည်၏။

—စိတ်သည်—

၁ အာရုံကိုသိခြင်းလက္ခဏာရှိ၏၊

၂ နာမ်တရားတို့၏ရှေ့သွားရသရှိ၏၊

၃ အစဉ်မပြတ်။စပ်ဆက်ခြင်းပစ္စုပဋ္ဌာန်ရှိ၏။

၄ နာမ်ရုပ်လျှင်—နီးစွာသောအကြောင်းရှိ၏။

သဘောတရားသည်–လက္ခဏာမည်၏။ ပြုခြင်းကိစ္စ-ပြည့်စုံခြင်းသမ္ပတ္တိတို့သည်ရသမည်၏၊ယူအပ်သောအခြင်းအရာကိုငှင်း။အကျိုးကိုငှင်း။ပစ္စုပဋ္ဌာန်ဟူ၍မှတ်အပ်၏။

အကြင်နီးစွာသောအကြောင်းကိုပဒဋ္ဌာန်ဟူ၍သိအပ်၏။

စိတ်အပေါ် ၌စွဲ၍ဖြစ်ပေါ်သော-တွေ့သိခြင်း၊ ခံစားခြင်းစသောအမှုအရာသဘောရှိသည်၊ စေတသိက်မည်၏၊ စိတ်နှင့်ဖြစ်အတူ၊ပျက်အတူ၊မှီအတူအာရုံတူမြဲတည်း။

စေတသိက်တို့သည်။စိတ်၌မှီ၍ လောဘ၊ ဒေါသ၊ ဆူသော

မစ္ဆရိယာ၊သဒ္ဓါ၊ ပညာစသော သဘောအမျိုးမျိုးတွေဖြစ်အောင်ဘန်ဆင်းချယ်လှယ်တတ်၏။

ကြောက်ရွံ့သောစိတ်။ ငြိုငြင်ပူပင်သောစိတ်၊ သို့လောသို့လောတွေးတောသောစိတ်။ အကြောင်းမဲ့ စိတ်လေး၍။ မအေးကြောင့်ကြသောစိတ်။ တွေးတောဆွေးမြေ့သောစိတ်။ မုန်းထားသောစိတ်။ မနာလိုသောစိတ်။ တွေးကာတွေးကာ စိတ်ဆိုး၍လာသောစိတ်တို့ကိုကင်းစေ၍။ မေတ္တာစိတ်ကိုအစဉ်ထားရမည်။ * * * * *

(ရုပ်နာမ်ကိုပြခြင်း။)

ရုပ်ဆိုသည်မှာလေးပါးကုန်သော မဟာဘုတ်တို့ကို၎င်း။ လေးပါးကုန်သောမဟာဘုတ်တို့ကိုစွဲမှီ၍ဖြစ်ပေါ်သော ဥပါဒါယရုပ်ကို၎င်း။ ၎င်းနှစ်ပါးအပေါင်းကိုရုပ်ဟူ၍ခေါ်သည်။

ဘောက်ပြန်ထွေပြားတတ်သောကြောင့်—ရုပ်မည်၏။

—ရုပ်ဘောက်ပြန်ခြင်းမှာ။—

၁ သီတတေဇော၊ ဥဏှတေဇောကြောင့်လည်းဘောက်ပြန်တတ်၏။

၂ ဆာလောင်ခြင်းကြောင့်လည်းဘောက်ပြန်တတ်၏။

၃ မွတ်သိပ်ခြင်းကြောင့်လည်းဘောက်ပြန်တတ်၏။

၄ ခြင်၊မှက်၊ လေ၊နေပူ၊မြွေ၊ ကင်း၊သန်းတို့၏ အတွေ့ကြောင့်လည်းဘောက်ပြန်တတ်၏။

ရုပ်တရားတို့သည်၊ နာမ်တရားတို့ထက်။ ရှည်မြင့်စွာကြာတန့်နိုင်သောသဘောရှိကုန်၏။

ထိုရုပ်တရားတို့၏ ဌီခဏတို့၌။ သီတ၊ ဥဏှစသောဆန့်ကျင်ဘက်ဝိရောဓိအကြောင်းတို့နှင့်ပေါင်းဘော်ယှဉ်တွဲမိကြကုန်၏။ ထိုသို့ဝိရောဓိအကြောင်းတို့နှင့် ပေါင်းဘက်မိသောအခါ၊ ရှေ့ရုပ်အစဉ်မှတမျိုးပြောင်း၍၊ နောက်ရုပ်အစဉ်တမျိုးဖြစ်ပေါ်ကုန်၏၊ ဤသို့ရုပ်အစဉ်ပြောင်းမှုကိုရုပ္ပနသဘောခေါ်သည်။

ရုပ်တရားတို့သည်လုံးလုံးလျောင်းလျောင်း ပေါင်း၍တည်ဟန် သဏ္ဌာန်ပုံ ပန်းအဖြစ်သို့ ရောက်နိုင်သောကြောင့်။ အကောင်အထည်နှင့်တကွဖြစ်သောတရားမည်၏၊ ။ထိုသို့အကောင်အထည်ရှိသောရုပ်တရားတို့၌သာလျှင်၊ ဘောက်ပြန်ထွေပြားမှုသည်။မျက်မှောက်ထင်ထင်မြင်လွယ်၏၊

နာမ်တရားတို့သည်ကား။အကောင်အထည်ရှိသော တရားမျိုးမဟုတ်ကြကုန်၊ထိုနာမ်တရားတို့၏ ဘောက်ပြန်ထွေပြားမှုသည်လည်း ပစ္စက္ခအားဖြင့်မထင်ရှား၊နာမ်တရားတို့၏ဘောက်ပြန်ထွေပြားမှုကို မြင်ရ၊ ကြားရ၊မေးမြန်းမှသာလျှင်၊ နာမ်တရားတို့၏ဘောက်ပြန်မှုထင်ရှား၏။

(နိဗ္ဗာန်ကိုပြခြင်း။)

အလုံးစုံသောပူပင်စဖွယ်။ အသွယ်သွယ်သောဝဋ်ဒုက္ခအမျိုးမျိုးတို့၏ကုန်ရာ၊ ငြိမ်းရာ၊ ဓာတ်သိမ်းရာဖြစ်သော သဘောတရားသည် နိဗ္ဗာန်မည်၏။ ထိုနိဗ္ဗာန်ကိုရအပ်သည်ရှိသော်။အရိယာသူတော်ကောင်းတို့သည်၊ ဝဋ်ဓာတ်သိမ်း၍။ ချုပ်ငြိမ်းချမ်းသာကြကုန်၏။ထိုကြောင့်နိဗ္ဗာန်မည်၏။

ဘဝကြီးငယ်။အသွယ်သွယ်သောဇာတိကိုဖွဲ့စည်းချုပ်နှောင်တတ်၍။ ဝါနမည်သောတဏှာမှ ထွက်မြောက်သည်တည်း။ထိုကြောင့်နိဗ္ဗာန်မည်၏။

နိဗ္ဗာန်၌အလုံးစုံကုန်သော ဝဋ်ဆင်းရဲအပူအလောင်တို့သည်။လက်စသိမ်း၍ငြိမ်းကြလေကုန်၏၊ထိုသို့ဝဋ်ဇာတ်သိမ်း၍ငြိမ်းရာဖြစ်သောကြောင့်။နိဗ္ဗာန်မည်၏။

နိဗ္ဗာန်သည် ဒုက္ခဇာတ်၏လက်စသိမ်းမှု။ သံသရာလက်စသိမ်းမှုပေတည်း။

(နိဗ္ဗာန်၏အနက်—၃—ပါး။)

၁ နိဗ္ဗာန်သည်။ဒုက္ခခပ်သိမ်းမှငြိမ်းခြင်းလက္ခဏာရှိ၏။

၂ ဝဋ်ဒုက္ခအပေါင်းဘို့ကိုပယ်ခြင်းကိစ္စရှိ၏၊

၃ တရုံတရာသော အကြောင်းဖြင့်။မပြုပြင်၊မစီရင်အပ်သည်၏အဖြစ်လျှင်ပစ္စုပဋ္ဌာန်ရှိ၏။

နိဗ္ဗာန်သည်။အာရမ္မဏအကြောင်းတရားသာဖြစ်၏။ တစုံတခုမျှအကျိုးတရားတို့၌မပါမဝင်ချေ။တရုံတခုသောပစ္စည်း၏အကျိုးပစ္စယုပ္ပန်ဘက်၌ မပါမဝင်ချေ။ ထို့ကြောင့်နိဗ္ဗာန်သည်ပဒဋ္ဌာန်မရှိလေသတည်း။

ထိုနိဗ္ဗာန်သည်။လောကသုံးပါးမှ အကြွင်းမဲ့ကျွတ်လွတ်သောကြောင့်၊လောကုတ္တရာဇာတ်၌ပါဝင်၏။ လောကုတ္တရာဇာတ်၌ပါဝင်သောနိဗ္ဗာန်သည်ပညတ်မျှမဟုတ်၊စင်စစ်သဘောအသီးအခြားအခုံးဖြင့် ရအပ်သော ပရမတ္ထဓမ္မပေတည်းဟူ၍ သိသာ၏။

ထိုနိဗ္ဗာန်သည်။ လေးပါးသောမဂ်ဉာဏ်တို့၏သစ္ဆိကရဏ ကိစ္စဖြင့်။ ပစ္စက္ခဒိဋ္ဌဓမ္မ၊ မျက်မှောက်ပြုအပ်သောတရားလည်း မည်၏။

ဥပမာ။ ။မျက်စိအမြင်နှင့်ပြည့်စုံသောသူသည်။ လပြည့် ဝန်းကိုမျက်စိဖြင့်ဒိဋ္ဌပစ္စက္ခမြင်ရဘိသကဲ့သို့၊ အရိယာပုဂ္ဂိုလ် တို့သည်လည်း။ မဂ်ဉာဏ်လေးပါးတည်းဟူသောဓမ္မစက္ခုဖြင့် ဒိဋ္ဌပစ္စက္ခမြင်အပ်သောတရားဖြစ်၏။

လောက၌ အလုံးစုံကုန်သော ချောင်း၊မြောင်း၊မူး၊မြစ်တို့ သည်။ မဟာသမုဒ္ဒရာသို့အရောက်-သက်ဆင်း စီးဝင်ကြကုန် ၏။ အကြင်ကောင်းကင်၌ဖြစ်သောမိုးရေအလျဉ်တို့သည်လည်း ကျရောက်သက်ဝင်ကြကုန်၏။ ထို ချောင်း၊မြောင်း၊မူး၊မြစ်တို့ ၏ရေ၊ ကောင်းကင်ရေဖြင့်၊ မဟာသမုဒ္ဒရာကြီး၏ ယုတ်လျော့ ခြင်းသည်၎င်း၊ ပြည့်ခြင်းသည်၎င်း မထင်သကဲ့သို့။ ဤအတူ သာလျှင်များစွာကုန်သောရဟန်းတို့သည်။ အကာယ်၍ပင် ပရိ နိဗ္ဗာန်ဝင်စံကြစေဦးတော့။ ထိုများစွာသော ရဟန်းတို့၏ ပရိ နိဗ္ဗာန်ဝင်စံမှုကြောင့်။ ယုတ်လျော့ခြင်းသည်၎င်း၊ ပြည့်လျှံ ခြင်းသည်၎င်းမရှိ၊

——နိဗ္ဗာန်သည်——

၁ သဉပါဒိသေသနိဗ္ဗာန်။ ၂—အနုပါဒိသေသ နိဗ္ဗာန်,ဟူ၍ နှစ်ပါးရှိ၏။

သဉပါဒိသေသ နိဗ္ဗာန်ဆိုသည်မှာ၊ ဘုဝခန္ဓာ သံသရာအ

ကြွင်းအကျန်ရှိနေစဉ်အခါ၊ ပေါက်ရောက်ရ၊ ခံစံရကြသော နိဗ္ဗာန်ကိုဆိုသည်။

အနုပါဒိသေသနိဗ္ဗာန်ဆိုသည်မှာ၊ ခန္ဓာကြွင်း ဘဝကြွင်း အလျဉ်းမရှိစေဘဲ၊ အဆုံးစွန်သော ငြိမ်းနိဗ္ဗာန်ဝင်စံမှုကို ဆို သည်။

သဥပါဒိသေသနိဗ္ဗာန်သည်၊ ကိလေသာတို့၏ ချုပ်ငြိမ်းမှု ဖြစ်၍၊ ကိလေသနိဗ္ဗာန်မည်၏။

အနုပါဒိသေသနိဗ္ဗာန်သည်၊ ခန္ဓာတို့၏ ချုပ်ငြိမ်းမှုဖြစ်သော ကြောင့်၊ ခန္ဓနိဗ္ဗာန်မည်၏။

သဥပါဒိသေသနိဗ္ဗာန်သည်၊ ဒိဋ္ဌဓမ္မ၌ရအပ်သောကြောင့်၊ ဒိဋ္ဌ ဓမ္မိကနိဗ္ဗာန်မည်၏။

အနုပါဒိသေသနိဗ္ဗာန်သည်၊ စုတိသည်မှနောက်၌ ရအပ် သောကြောင့်၊ သမ္ပရာယိကနိဗ္ဗာန်မည်၏။

သို့သော်သီးခြားမဟုတ်၊ တဆက်တည်းပင်တည်း။

မဂ်ခဏ၌ကိလေသာတို့၏ချုပ်ငြိမ်းမှုသည်၊ သဥပါဒိသေ သမည်၏။

စုတိ၏အခြားမဲ့၌၊ ဘဝခန္ဓာသံသရာ၏ ချုပ်ငြိမ်းမှုသည်၊ အနုပါဒိသေသမည်၏။

စုတိ၏အခြားမဲ့၌ဖြစ်ပေါ်ကြကုန်သော ပဋိသန္ဓေခန္ဓာတို့ မည်သည်၊ ကိလေသာတို့ ရှိကြကုန်မှသာလျှင်၊ ဖြစ်ပေါ်ကြ ကုန်၏၊ ကိလေသာတို့မရှိလျှင်။ ပဋိသန္ဓေခန္ဓာတို့လည်း မဖြစ်

ပေါ်ကြကုန်၊ ထို့ကြောင့်၊ ပဋိသန္ဓေခန္ဓာတို့သည်။ ကိလေသာ ကုန်ဆုံးသည်နှင့်တပြိုင်နက်—ကုန်ဆုံးကြကုန်၏။

ရုပ်တိုသည်မှနောက်၌။ တဘန်ဘဝသစ်၏မဖြစ်မှုသည် ရှိ၏၊ ထိုသို့တဘန် ဘဝသစ်၏မဖြစ်ပေါ်မှုသည်။ ကိလေသာချုပ်မှု နှင့်တချက်တည်းပြီးစီးလေ၏။ ကိလေသာ ချုပ်သည်နှင့်တပြိုင် နက်၊ ချုပ်လေ၏။

—နိဗ္ဗာန်သည်—

၁ သုညတနိဗ္ဗာန်။ ၂—အနိမိတ္တနိဗ္ဗာန်၊ ၃—အပ္ပဏိဟိတ နိဗ္ဗာန်ဟူ၍သုံးပါးရှိ၏။

—သုညတနိဗ္ဗာန်—

အလုံးစုံကုန်သော၊ သင်္ခတဓမ္မတို့သည်၊ ပလိဗောဓနှင့်တကွ ရောနှောလျက်ရှိနေကြသောတရားတို့ ဖြစ်ကြကုန်သဖြင့်၊ ကြောင့်ကြမှုအမျိုးမျိုးတို့ဖြင့် အမြဲမပြတ် နှိပ်စက်အပ်သော တရားတို့သာတည်း။ ငြိမ်းချမ်း သက်သာခွင့်ကို ပေးစွမ်းနိုင် သောတရားမျိုးမဟုတ်ကြကုန်၊

နိဗ္ဗာန်ဓါတ်သည်မူကား၊ ထိုသို့မဟုတ်။ ပလိဗောဓအမျိုး မျိုးမှကင်း၍၊ တစုံတရာ ကြောင့်ကြခြင်းနှင့်ယှဉ်သော တရား မျိုးမဟုတ်။ ပလိဗောဓတို့၏သုဉ်းရာဆိတ်ရာဖြစ်၏။ ထို့ကြောင့် သုညတမည်ပေသည်။

အလုံးစုံသော ပလိဗောဓ အမျိုးမျိုးတို့မှ၊ သုဉ်းဆိတ်လေ သောကြောင့်၊ သုညတမည်၏၊

*ပလိဗောဓ။ကြောင့်ကြသဗ္ဗံ။ကင်းဆိတ်ည်ံ။ နိဗ္ဗာန်သုည တ၊

သညာ့ာယဗိုဒ္ဓိ၏ ချုပ်ငြိမ်းမှုသည်၊ ထိုပလိဗောဓတို့မှ ကင်းဆိတ်မှုဖြစ်၏။

တဏှာရာဂချုပ်ငြိမ်းမှုသည်၊ထိုပလိဗောဓတို့မှကင်းဆိတ်မှုဖြစ်၏။

တဏှာရာဂချုပ်ငြိမ်းမှုသည်၊သုညတနိဗ္ဗာန်မည်၏။

ဒေါသချုပ်ငြိမ်းမှုနှင့်၊မောဟချုပ်ငြိမ်းမှုနည်းတူမှတ်။

--အနိမိတ္တနိဗ္ဗာန်--

ဥပါဒ်ခြင်း၊တည်ခြင်းလျှင်အကြောင်းရင်းရှိသော အမှုအရာသည်၊နိမိတ္တနိမိတ်မည်၏။

ဤနိမိတ်နှင့်ပြည့်စုံသောသင်္ခတတရားတို့သည်။

၁ အလုံးစုံသောကိလေသာမြူတို့၏ တည်ရာမြေကြီးသဘွယ်ဖြစ်ကြကုန်၏။

၂ ဇရာတရား၊မရဏတရားတို့၏တည်ရာလည်းဖြစ်ကုန်၏။

၃ မာရ်တရား၊ရန်တရားတို့၏တည်ရာလည်းဖြစ်ကုန်၏။

၄ အကျိုးမဲ့ဖြစ်ကုန်သော-ရောဂါဆိုး၊ အနာဆိုး၊ အမျိုးမျိုးသောဘေးဒဏ်တို့၏ပုန်းအောင်းရာလည်းဖြစ်ကြကုန်၏။

သင်္ခတတရားတို့သည်။ နိမိတ်ရှိကြကုန်သောကြောင့်၊ကာလအပြား၊ဒိသာအပြား၊ဒေသအပြား၊သဏ္ဌာန်အပြား စသည်

တို့ဖြင့်၊အယုတ်ဟူ၍၄င်း။ အမြတ်ဟူ၍၄င်း။ အလတ်ဟူ၍
၄င်း။အသီးသီးကွဲပြားကြကုန်၏၊

နိဗ္ဗာန်တရားသည်မူကား။နိမိတ်ရှိသောသင်္ခတတရားတို့၏
ချုပ်ငြိမ်းမှုဖြစ်သောကြောင့်၊ နိမိတ်ရှိသောတရားမျိုးမဟုတ်။
ထိုနိဗ္ဗာန်၌နိမိတ်မည်သည်တစုံတခုမရှိ။ထို့ကြောင့်အနိမိတ္တ
မည်၏။

နိမိတ်မှကင်းသောကြောင့်။ တစုံတခုသောအကျိုးမဲ့ဖြစ်
သော ဘေးအပေါင်း၊ရန်အပေါင်းတို့နှင့် အလျဉ်းမဆက်ဆံ
သောတရားလည်းဖြစ်ပေ၏။

*ဘေးပေါင်းတရံ။မဆက်ဆံ၊နိဗ္ဗာန်နိမိတ္တ။

——အပ္ပဏိဟိတနိဗ္ဗာန်——

ပဏိဟိတဟူသောစကားသည်။တောင့်တမှုဆိုသည်။

သင်္ခတတရားတို့မည်သည်၊ လက်ရှေ့ရအပ်ပါကုန်သော်
လည်း၊ ပျက်စီးတတ်သော အနိစ္စဓမ္မဖြစ်ကုန်သောကြောင့်။
အဘန်တန်ရခြင်း၌။ တောင့်တမှု အာသာတည်းဟူသော
ဆင်းရဲဒုက္ခကိုအဆင့်ဆင့်ပွါးစေကုန်၏။ တောင့်တမှုအာသာ
သည်။သံသရာထဲ၌တခံတခါမျှအဆုံးမရှိ။တောင့်တမှုရှိသမျှ
ကာလပတ်လုံးလည်း အဝီစိငရဲဘေးစသော။အမျိုးမျိုးသော
ဘေးရန်တို့သည်မိမိတို့၏ရှေ့ပါး၌။မားမားမတ်မတ် ရပ်တည်
လျက်ရှိကြကုန်၏၊

နိဗ္ဗာန်တရားသည်မူကား။ မိမိကိုယ်တိုင်ပင်။တောင့်တမှု
အာသာကို ပယ်ဖျောက်တတ်သော တရားဖြစ်စေသော

ကြောင့်။ပဋိပတ္တိတရားတို့ကို အကြွင်းမဲ့ဖျက်ဆီးလျက် အမြဲတည်သောတရားဖြစ်၏။

ထိုနိဗ္ဗာန်၌တရံတရာတောင့်တမှုအာသာဟူ၍မရှိပြီ။ အချင်းခပ်သိမ်းတောင့်တမှုမှကင်းငြိမ်း၏။ထိုကြောင့်အပ္ပဏိဟိတမည်ပေသည်၊

*တောင့်တပူပန်။မဆက်ဆံ၊နိဗ္ဗာန်ပဏိဟိတ။

သုခသည်–နှစ်မျိုးရှိသည်၊

၁ ခံစားအပ်သော ဝေဒယိတသုခ။

၂ ခံစားမှုအမျိုးမျိုးတို့မှ ငြိမ်းသော သန္တိသုခဟူ၍နှစ်ပါးရှိ၏၊

လူ့စည်းစိမ်၊နတ်စည်းစိမ်၊ ဗြဟ္မာ့စည်းစိမ်တို့ကိုရရှိ၍၊ခံစားစံစားသည်၏အစွမ်းအားဖြင့် ဖြစ်သော နှစ်သက်မှု၊ရွှင်လန်းမှု၊ပျော်မြူးမှုများသည်–ဝေဒယိတသုခမည်၏။

၎င်းသုခသည်။လျှပ်ပစ်ကဲ့သို့၎င်း။ရေဥရေးအပ်သော အရေးအသားကဲ့သို့၎င်း။ခဏခြင်းခဏခြင်း ပျက်စီးတတ်သော တရားမျိုးဖြစ်၏၊

——သန္တိသုခ——

ဖြစ်ပြီးသောကာလသော။ဖြစ်ရန်ရှေ့ရှုတည်လာသောကာလသော်ပါတို့မှကျွတ်လွတ်မှု။အပါယ်ဒုက္ခစသော်အမျိုးမျိုးသော်ဆင်းရဲတို့မှကျွတ်လွတ်မှု။ခံစားမှုအမျိုးမျိုးတို့မှကျွတ်လွတ်မှုတို့သည်သန္တိသုခမည်၏။ငြိမ်းသောသုခဆိုလိုသည်၊

ထိုသန္တိသုခပင်လျှင်၊ စင်စစ်အားဖြင့်၊ ချမ်းသာသော ကြောင့်။ ဧကန္တသုခမည်၏။

နိဗ္ဗာန်၏သန္တိကရဏာကိစ္စသည်၊ ကာယသန္တိကရဏာ၊ ဉာဏသန္တိကရဏာကိစ္စဟူ၍နှစ်ပါးရှိ၏။

ကာယသန္တိကရဏာကိစ္စမှာ၊ အနမတဂ္ဂ သံသရာ၌။ အဇ္ဈတ္တသန္တာန်ဝယ်၊ အမြဲမပြတ်ပူလောင်စေလျက်၊ အပူ တိုက်၍လာကြကုန်သော ကိလေသာတရားတို့၏ မဂ်ခဏ၌။ အဇ္ဈတ္တသန္တာန်ဝယ် အကြွင်းမဲ့ ချုပ်ငြိမ်းခြင်းသည်၊ ကိုယ် တွေ့ချုပ်ငြိမ်းမှုဖြစ်ပေ၍ကာယသန္တိကရဏာမည်၏။

ထိုသို့ကိလေသာတို့၏ချုပ်ငြိမ်းမှုကို၊ကိုယ်တွေ့ဖြစ်ပြီး၍။ တဖန်ဉာဏ်ဖြင့်ဆင်ခြင်ပြန်သည်ရှိသော်။ ငါ့မှာကိလေသာ တို့ချုပ်ငြိမ်းကြပြီဟူ၍၊ ဉာဏ်တွေ့တွေ့၍သိမြင်လေ၏၊ ဤသို့ ဉာဏ်တွေ့သိမြင်မှုသည်ဉာဏသန္တိကရဏာမည်၏။

ကာယသန္တိကရဏာသည်အသုံးမရှိ။အတိုင်းမသိ၊အနန္တ အပရိမာဏဖြစ်သောဝဋ်ဒုက္ခကိုကုန်စေ၏၊

ဉာဏသန္တိကရဏာသည်။ အနုပ္ပကမ်း များပြားလှစွာ သောပီတိသောမနဿတို့ကိုဖြစ်စေ၏၊

အဇ္ဈတ္တသန္တာန်၌ အကျုံးဝင်ကုန်သော ကိလေသာစ သောတရားတို့၏ ဥပါဒ်သို့မရောက်ဘဲ။ အကြွင်းမဲ့ချုပ်ငြိမ်း ခြင်းသည်–အစ္စန္တနိရောဓမည်၏။

ဤအစ္စန္တနိရောဓသည်ပင်လျှင်၊ ပလိဗောဓအမျိုးမျိုးမှ ကင်းဆိတ်သောကြောင့်။ သုညတလည်းမည်၏။ နိမိတ်မရှိ

ခြင်းကြောင့်အနိမိတ္တလည်းမည်၏။ တောင့်တမှုအာသာပဏိ ဟိတမှကင်းသောကြောင့်အပ္ပဏိဟိတလည်းမည်၏။

အလုံးစုံသော ဗါလပုထုဇဉ်တို့သည်၊ အဇ္ဈတ္တိကအာယတန၊ ဗါဟိရအာယတနတို့၌ အလွန်နှစ်သက်ကုန်၏၊ အလွန်ချီးမွမ်းပြောဆိုကုန်၏။ မက်မောစွာတည်ကုန်၏။ ထိုသို့သံသရာဝဋ်ဆင်းရဲအလျဉ်ဖြင့်မျောကုန်၏။ ဇာတိ,ဇရာ, မရဏ, သောက,ပရိဒေဝဒုက္ခ,ဒေါမနဿ, ဥပါယာသတို့မှ မလွတ်ကုန်သည်ဖြစ်၍။ဆင်းရဲခြင်းဝဋ်တရားအပေါင်းမှ မလွတ်နိုင်ကုန်၊

မြတ်သောအရိယာတပည့်သည်။ အဇ္ဈတ္တိကအာယတန၊ ဗါဟိရအာယတနတို့၌နှစ်သက်ခြင်းမရှိ။ အထူးပြောဆိုခြင်းမရှိ။မက်မောခြင်းမရှိသည်ဖြစ်၍တည်ကြည်၏။

ဤသို့တည်ကြည်သော၊ မြတ်သောအရိယာတပည့်အား တဏှာတရားသည်ချုပ်၏၊

တဏှာချုပ်သော်။ဥပါဒါန်တရားသည်ချုပ်၏၊ဥပါဒါန်တရားချုပ်သောကြောင့်၊ ဘဝသည်ချုပ်၏။ ဘဝချုပ်သောကြောင့်၊ဇာတိတရားချုပ်၏၊ဇာတိချုပ်သောကြောင့်။အိုခြင်းသေခြင်း၊စိုးရိမ်ခြင်း၊ငိုကြွေးခြင်း၊ဆင်းရဲခြင်း၊နှလုံးမသာခြင်းသက်ကြီးရှိုက်တငင်၊ပင်ပန်းခြင်းတို့သည်ချုပ်ကုန်၏။ ဤသို့လျှင်၊အလုံးစုံသောဝဋ်ဆင်းရဲ၏ချုပ်ခြင်းသည်ဖြစ်၏။

ဤသို့လျှင်။ဝဋ်ဆင်းရဲအပေါင်း၏ချုပ်ရာချုပ်ကြောင်းတရားအပေါင်းသည်နိဗ္ဗာန်မည်၏။

အကြင်ပုဂ္ဂိုလ်သည်၊ ကောင်းစွာကျင့်သည်ဖြစ်၍၊ ထိုးထွင်း၍သိအပ်သောတရားတို့ကိုသိ၏။ ပိုင်းခြားအပ်သော တရားတို့ကိုပိုင်းခြား၍သိ၏။ ပယ်အပ်သော တရားတို့ကိုပယ်၏။ ပွါးစေအပ်သောတရားတို့ကို ပွါးစေ၏။ မျက်မှောက်ပြုအပ်သောတရားတို့ကိုမျက်မှောက်ပြု၏၊ ထိုသူမြတ်သည်။ နိဗ္ဗာန်ကိုရ၏။

နိဗ္ဗာန်ကိုမမြင်ဘဲလျက်၊ နိဗ္ဗာန်သည်—ချမ်းသာလှ၏ဟု သိနိုင်သည်မှာ။ အကြင်ပုဂ္ဂိုလ်တို့သည်၊ နိဗ္ဗာန်ကိုမြင်ကုန်၏၊ ထိုနိဗ္ဗာန်ကိုမြင်ကုန်သောသူတို့၏ စကားကိုကြား၍။ နိဗ္ဗာန်သည်ချမ်းသာလှသည်ဟူ၍သိ၏။

——သစ္စာလေးပါး——

၁ ဒုက္ခသစ္စာ။ ၂ သမုဒယသစ္စာ၊ ၃—နိရောဓသစ္စာ။ ၄-မဂ္ဂသစ္စာ၊ ဤလေးပါးတည်း။

၁ ဒုက္ခသစ္စာမှာ၊ လောကီနာမ်ရုပ်သည်၊ လက္ခဏာရေးသုံးပါးစွဲကပ်ပါရှိ၍နေသောကြောင့်-ဒုက္ခသစ္စာ။

၂ သမုဒယသစ္စာမှာ။ နာမ်ရုပ်ဟူသောဒုက္ခသစ္စာကိုဖြစ်ပွါးစေတတ်သောအကြောင်းများတွင်မူလအရင်းဖြစ်၍။ လောဘသည် သမုဒယသစ္စာ။

၃ နိရောဓသစ္စာမှာ။ နာမ်ရုပ်တို့၏ အကြွင်းမဲ့ချုပ်ငြိမ်းရာနိဗ္ဗာန်သည်-နိရောဓသစ္စာ၊

၄ မဂ္ဂသစ္စာမှာ။ နိရောဓသို့ ရောက်စေတတ်သော။ အခြံအရံနှင့်တကွသောဉာဏ်သည်-မဂ္ဂသစ္စာ။

*ဖြစ်ခြင်း၊ပျက်ခြင်း၊ဘောဲဖြန့်ခြင်း။မယွင်းဒုက္ခမှတ်။
ဖြစ်ချင်ဖြန့်က၊သမုဒယ။ဒုက္ခဖြစ်ကြောင်းမှတ်။
ဖြစ်ပျက်ကိုမြင်၊မဖြစ်ချင်။မဂ္ဂင်သစ္စာမြတ်။
မဖြစ်ချင်ပါမှ။နိရောဓ။ဒုက္ခငြေးငြိမ်းမှတ်။
သစ္စာလေးပါး၊မှန်တရား။ပိုင်းခြားသိအောင်မှတ်။
ကြွန်ဘန်များစွာ။ကြံစည်ပါ၊မှန်ရာသိကြောင်းမှတ်။
အမှန်သိမှ။ဤဒုက္ခ။လွတ်ရလိမ့်မည်မှတ်။
ဖြစ်ချင်ဖြစ်။မဖြစ်ချင်မဖြစ်။သစ္စါလေးပါးတရားအစစ်။

ထိုသစ္စာလေးပါးတို့တွင်။ နိဗ္ဗာန်ဟူသော နိရောဓသစ္စာသည်သာလျှင် လိုရင်းဆုံးကြီးဖြစ်ပေသည်။ ထိုနိရောဓသစ္စာကိုဖြစ်လိုလျှင်။မဂ္ဂသစ္စာကိုပွါးရမည်။ထိုမဂ္ဂသစ္စာကို ပွါးလိုလျှင်။သမုဒယသစ္စာ သာယာခြင်းလောဘတဏှာကို ပယ်ခွါရမည်။ထိုသမုဒယသစ္စာ၊ သာယာခြင်း လောဘတဏှာကို ပယ်ခွါလိုလျှင်၊ဒုက္ခသစ္စာကို ပိုင်းခြားထင်ထင်၊သိမြင်အောင် အားထုတ်ရမည်၊ထို့ကြောင့်ဒုက္ခသစ္စာကို ပိုင်းခြားထင်ထင်၊ သိမြင်အောင်အားထုတ်ရန် အလွန်အရေးကြီးသောအချက်ဖြစ်သည်၊ထိုသို့အားထုတ်၍အမှန်တကယ်ပိုင်းခြားထင်သင် သိမြင်က-သမုဒယလောဘတဏှာကြောန့်မှုချပယ်ခွါ၍၊အလင်း၊ အရှင်း၊အစင်၊အကြည်၊ အဇေးဓါတ်ရ၍၊ မဂ္ဂသစ္စာကို ပွါးနိုင်သောအခြေအမြစ်သို့ရောက်မည်မှုချမလွဲဖြစ်လေသည်။

လိုရင်းကား၊ဤလောကမှာ။ဒုက္ခစင်းစင်း၊ ချမ်းသာကင်း၏။အကောင်းဟူသောသဘောနှင့်၊ မရောမယှက်။ အကောင်း

သုခနှင့်မယှဉ်မစပ်။အကောင်းသုခမရှိ။ မကောင်းအတိသာရှိ
သည်ကို-ဒုက္ခသစ္စာဆိုသည်၊သင်္ခ သုခမရသမျှကာလပတ်လုံး
ဒုက္ခချည်းမှတ်။

သစ္စာသဘောသည်။သစ္စာလေးပါးကိစ္စဖြင့်၊ပရမတ္ထဓမ္မ
ကို။အသီးသီးပိုင်းခြား၍ပြအင်၏။

၁ **အကြွင်တရားမျိုးသည်။** ပိုင်းခြား၍ သိသင့်သိထိုက်
သော ပရိညာကိစ္စအတွင်းသို့ပါဝင်၏။ ထိုတရားမျိုးသည်။
ဒုက္ခသစ္စာပရမတ်မည်၏။

၂ ပယ်သင့်ပယ်ထိုက်သော၊ပဟာနကိစ္စအတွင်းသို့ပါ
ဝင်သောတရားမျိုးသည်-သမုဒယသစ္စာပရမတ်မည်၏။

၃ မျက်မှောက်ပြုသင့်၊ဆိုက်ရောက်သင့်သောသစ္ဆိက
ရဏကိစ္စအတွင်းသို့ပါဝင်သောတရားမျိုးသည်၊နိရောဓသစ္စာ
ပရမတ်မည်၏၊

၄ ပွါးများသင့်၊ ပွါးများထိုက်သော၊ ဘာဝနာကိစ္စအ
တွင်းသို့ပါဝင်သောတရားမျိုးသည်၊မဂ္ဂသစ္စာပရမတ်မည်၏။

ထိုကိစ္စကြီး လေးပါးအတွင်းသို့၊ မပါမဝင်သောတရားမျိုး
သည်-ပရမတ်မဟုတ်၊သမ္မုတိသစ္စာခေါ်သော ပညတ်မျိုးမည်
၏။

——သစ္စာသည်လည်း——

၁ သမ္မုတိသစ္စာ။ ၂—ပရမတ္ထသစ္စာဟူ၍နှစ်ပါးရှိ၏။

၁ သမ္မုတိသစ္စာမှာ။ ပုဂ္ဂိုလ်၊သတ္တဝါ၊သမုဒ္ဒရာ၊တောတောင်စသောပညတ်တရားရသည်-သမ္မုတိသစ္စာမည်၏။

ထိုသမ္မုတိသစ္စာ၌တည်၍။ ကောင်းမွန်ဖြောင့်မှန်စွာ ကျင့်ကြံကုန်သည်ရှိသော်၊ အလုံးစုံသော လောကီစည်းစိမ်တို့ကိုလည်းရနိုင်ကုန်၏။ထိုသမ္မုတိသစ္စာ၌ တည်၍ပင်လျှင်။ ဗောဓိသုံးပါး၏ပါရမီတို့ကိုလည်းဖြည့်ကျင့်ဆည်းပူးရကြကုန်၏။

မကောင်းသဖြင့်ကျင့်သောသူတို့သည်။အပါယ်လေးပါးသို့လားခြင်း။ဆင်းရဲဒုက္ခ အမျိုးမျိုးတို့နှင့် တွေ့ကြုံရခြင်းစသော၊ မကောင်းသောအကျိုးတို့ကိုခံစားရကုန်၏။

ထိုသမ္မုတိသစ္စာသည်။ပရမတ္ထသစ္စာနှင့်နှိုင်းစာလျှင်။အမှန်သို့မရောက်ဘဲ။မှောက်မှားသောအရာတို့သာဖြစ်ကုန်၏။ သမ္မုတိသစ္စာရသည်၊သဘောအားဖြင့်ထင်ရှားမရှိလေဘဲ။ယထာဘူတဉာဏ်ကင်းမဲ့သောလူများအပေါင်းကို။ထင်ရှားရှိသောအဟန်အယောင်ဖြင့်ထင်မြင်မှတ်ယူစေနိုင်၏။ ။ဥပမာ။ဓါတ်ရှင်ကားပြ၍ ကြည့်ရှုနေသော လူအပေါင်း၏စိတ်၌။ထင်မြင်မှတ်ယူဘိသကဲ့သို့တည်း။

သမ္မုတိသစ္စာသည်။ဤမျှလောက်၊ ဖောက်ပြန်မှားယွင်းလှ၏၊ဤမျှလောက်ပင်အပြစ်ကြီးပါလှချေ၏။

——ပရမတ္ထသစ္စာ——

ပရမတ္ထသစ္စာသည်လည်း။ ၁-သဘာဝသစ္စာ၊ ၂-အရိယသစ္စာဟူ၍နှစ်ပါးအပြားရှိ၏။

ထိုနှစ်ပါးတို့တွင်။ဓမ္မသင်္ဂဏီအစရှိသော အဘိဓမ္မာပိဋ

ကတ်တော်များ၌၊ ဝေဘန်၍ဟောတော်မူအပ်သော ကုသိုလ်စသောတရားစုသည်သဘာဝသစ္စာမည်၏။

ထိုကုသိုလ်စသောတရားစုသည်၊ ကိုယ်တိုင်ပင်သဘောအားဖြင့် ထင်ရှားရှိလေသောကြောင့် ကုသိုလ်တရားစုမည်သည်ရှိ၏၊ သုခဝေဒနာမည်သည်ရှိ၏။ ဤသို့စသည်ဖြင့်ယူမှတ်သောသူတို့ကို မချွတ်မယွင်းစေနိုင်သည်ဖြစ်၏။ ထိုသဘာဝသစ္စာသည်။ အရိယသစ္စာအရာသို့ ဝင်ရောက်ပြန်ကုန်သည်ရှိသော်။ အချို့အမှန်အစစ်မဟုတ်ပြန်ကြလေကုန်။

ဝေဒနာသည်၊ ။၁-သုခဝေဒနာ။ ၂-ဒုက္ခဝေဒနာ။ ၃-ဥပေက္ခာဝေဒနာဟူ၍သုံးပါးရှိ၏၊ အနိစ္စသင်္ခတစသော။ ဒုက္ခအခြင်းအရာတို့နှင့် ဆက်ဆံလျက်ရှိနေသောကြောင့်၊ အလုံးစုံသောဝေဒနာသည် သုခဟူ၍မရှိ။ ဒုက္ခဝေဒနာသာ အမှန်စင်စစ်ဖြစ်၏။

သဗ္ဗေသင်္ခါရာ-ဒုက္ခာ,ဟူသည်တို့နှင့်အညီ။ အလုံးစုံသောဘုံသုံးပါးစုနှင့်၊ အလုံးစုံသောသင်္ခါရစုသည်။ ဒုက္ခစင်စစ်သာဖြစ်၏။

ကုသိုလ်တရားစုသည်၊ ထိုဝဋ်သုံးပါးအကျိုးကိုသာပေးဆောင်နိုင်သောကြောင့်။ ဒုက္ခဝိပါကတရားစုသာစင်စစ်မည်ချေ၏၊ သုခဝိပါကတရားစုမဟုတ်ချေ၊

အရိယသစ္စာဆိုသည်ကား။

၁ အလုံးစုံသော-တေဘုမ္မက ဝဋ်တရားစု၏ ဒုက္ခသဘောစစ်။

၂ တဏှာတရား၏ဒုက္ခသမုဒယသဘောတစ်။
၃ နိဗ္ဗာန်တရား၏ဒုက္ခနိရောဓသဘောတစ်။
၄ မဂ္ဂင်ရှစ်ပါးတရားရ၏ဒုက္ခနိရောဓဂမဂ္ဂသဘောတစ်။ ဤ
သဘောလေးပါးတည်း။

ဤသဘောလေးပါးသည်။မဖောက်မပြန်၊စင်စစ်မှန်သော
ကြောင့်**အ**ရိယသစ္စာမည်၏။

ထို**အ**ရိယသစ္စာသည်သာလျှင်။ ယထာဘူတဉာဏ်ကိုရ
တော်မူကြသော**အ**ရိယာသူတော်သူမြတ်တို့၏ဉာဏ်၌မလှုပ်
မရှားတသားတည်းမှန်ကန်ထင်လာ၏။ ဖောက်ပြန်ခြင်းမ
ရှိချေ။

မဖောက်မပြန်သောသဘောသည်ပရမတ္ထမည်၏။

ပဋိစ္စသမုပ္ပါဒ်လင်္ကာ။

အဝိဇ္ဇာပစ္စယာသင်္ခါရာ။ ။ဇောမိရတနာ။ယာဉ်စကြာ
ဖြင့်၊သစ္စာလေးရပ်၊ လေးကျွန်းပတ်သည်။ နတ်ဝိသုဒ္ဓိ။တုမရှိ
အား။ကြိုးဒွါရ။ရှိဦးခလျက်။ ။ဘဝသုံးပါး။ဟုန်းဟုန်းသွား
သည်။ ရထားသံသရာ။ ယာဉ်စကြာ၏၊ ခြင်းရာထုပ္ပတ်။သ
မုပ္ပါဒ်ကို။**အ**တတ်သိရန်၊နိဒါန်းပြန်ပိမ့်။ ။အမှန်လေးချက်။
သဘောနက်ကို။ ဖုံးဖွက်ကွယ်ကာ။အဝိဇ္ဇာဟု။ မဟာတမ။
မှောင်ကြီးကျ၍၊ ။ဘဝမြုံသိုက်၊ရှိန်ရှိန်အိုက်သား။**အ**မှိုက်
မီးစာ။ဤခန္ဓာကို။တွယ်တာသမှု။အကြောင်းပြု၍၊ အကုသလ။
ဂမ္ဘီညစ်ဆိုး။**အ**ပြစ်မျိုးကို။ ကြိုးကြိုးပမ်းပမ်း၊ နေ့စဉ်ထမ်း

သဉ္ဇြ၊ပါယ်လမ်းဗိဇ၊အပုညနှင့်။ ။ဘာဝနောင်ခါ၊သံသရာ၌၊
လူ့ရွာနတ်ပြည်။စည်းစိမ်သွမ်းကို။ ချမ်းသာအတိ။အထင်ဖြိ
လျက်။ဂတိနောင်ကို။ကောင်းစေလို၍။ ကုသိုလ်အမျိုး။အမျိုး
မျိုးကို။ကြိုးကြိုးစားစား။ပြုတုံငြားက။ သယ်ပါးပုည၊အာ
ရုံဥပဟု။ဘာဝနာ့ရှိုးရင်း။ပွါးတုံလျှင်းသည်။ ။ဝန်ခင်းဝန်နွယ်
ရှည်သဘည်း။ ။ဆောင်ပုဒ်၊

သင်္ခါရပစ္စယာဝိညာဏံ။ ။ဝန်ခင်းဝန်နွယ်၊ရှည်ကြောင်း
ရှယ်သား။ဆယ်ဖြာပုည။အပုညနှင့်။ဘာဝနာ့ရှိုးရင်း။ပွါးတုံလျှင်း
သော်။လေးသင်းပါယ်ရွာ။ အဖြာဖြာလျှင်။ ဗြဟ္မာလူနတ်၊ဘုံ
သုံးရပ်နှိုက်။ ဓါတ်ပဓါန။ပြခါနုံးလှသား။ဥပ္ပါဒ်သခင်။ ခြောက်
ဝိညာဏ်ဟု။ ရှင်ပင်ဓါတ်မင်း။ပေါ်တုံလျှင်း၍၊ ကိုယ်တွင်း
ကိုယ်ပြင်။ ထွက်ဝင်တံခါ။အင်ခြောက်ပါးနှိုက်။ အများရုပ်
နာမ်။အတန်တန်လျှင်၊ ဝန်းရံဖြိုးဖြိုး။ အမျိုးမျိုးကို၊ အုပ်စိုး
ဆောင်ရွက်။လျှင်းလျှမ်းတက်လျှင်။ထက်မြက်တေဇာ၊သူ့ရှိန်
ဝါကြောင့်။ငါငါသူသူ။လူဘဲနတ်ဘဲ။အထင်လွဲလျက်။ ငရဲအ
ပါယ်။အသွယ်သွယ်လျှင်၊ ဝန်နွယ်ရှည်လျား။ တမားမား
သည်။ ။ခြောက်ပါးဝိညာဏ်ဖွဲ့ရှည်တည်း။ ။ဆောင်ပုဒ်၊

ဝိညာဏပစ္စယာနာမရူပံ။ ။ခြောက်ပါးဝိညာဉ်၊ဖွဲ့ရှည်
အင်ကြောင့်။ မီးတွင်ရှိန်ဝါ၊ထက်ကြပ်ပါသို့၊မကွာတူကွ။ဖြစ်
ပေါ်ကြသား၊ဖဿဝေဒနာ၊စေတနာနှင့်။သညာဝိတက်။ရောင်
ရုံယှက်သည်၊အများကြောင်ဝယ်။ကြိုးရုံချယ်သို့။အသွယ်
အသွယ်၊ အနွယ်နွယ်လျှင်။ ဆန်းကြယ်စွာလှ။ နာမ်ကာယ

နှင့်။ ။ဘုတဟူပေ။မြေရေလေမီး။ဓါတ်ကြီးလေးတန်။အမှာ ခံ၊ပျက်။အရံ ရုပ်သေး။နှစ်ဆယ့်လေးနှင့်။ ပေါင်းတွေးမှုညီ၊အခ ဌဝိသ။ရုပ်ကာယဟု၊နာမရူပ။ဓမ္မအပြား။ဤနှစ်ပါးလည်း။ထင် ရှားပုံဝွာ။ပေါ်တုံလာ၍။ နာနာကာယ။အနန္တလျှင်။ ရူပရုပ် ဟန်၊သညာဉ္စာန်အမူ။ဇာတ်မဘူသည်၊လူအရုပ်ရုပ်။ နတ်အတွေ တွေ။ရေမျိုးကုန်းမျိုး။ကောင်းဆိုးယုတ်ညံ့။ အကန့်ကန့်လျှင်။ ခြားသန့်ပေါ်ယယ်။သောသောကြွယ်သည်၊ ။နှစ်သွယ်နာမ် ရုပ်ထွမ်းရည်တည်း။ ။ဆောင်ပုဒ်။

နာမရူပပစ္စယာသဠာယတန်။ ။ထင်ရှားစေ့ရုံ။အပုံပုံ လျှင်။တည်တုံနာမ်ရုပ်၊ ကိုယ်သမုတ်သား၊အထုပ်အထယ်။ ကြီးငယ်ကာယ။ခေါ်ပြန်ကလည်း၊ ။ဒွါရတွင်မည်။ဘိတ် ဘိတ်သည်သည်။ အကြည်ခြောက်မျိုး။ကိုယ်လုံးဖြိုးလျက်။အခ ရိုးစိင်ဥ။ ။အမြင်စက္ခု။ ။ကြားမှုသောတ၊ ။ဃာနအနံ၊ ။ လျက်ရန်ဇိဝှါ။ ။ကာယာတွေ့ထိ။ ။အသိမနော။ ။မ ရောမသွက်။ တလက်လက်လျှင်၊ အမျက်စိန့်ရည်။ လဲ့လဲ့ ကြည်သို့။ ။ခြောက်မည်အာရုံ။အလုံးပုံလည်း။ပုံသဏ္ဌာန် ရိုပ်။နှမ်ဘ်အသွင်။အကုန်ထင်၍။ ။ဤရှင်ဤလူ။ဤမူနေလ။ ရူပသဏ္ဌာန်။ အသံအမျိုး။အခိုးလှိုင်ပျံ့။ ရနံ့ထိုထို။အချိုအခ ချဉ်။ဤလျှင်အပူ။ဤမူအအေး။အတွေးအသိ။ဖြည့်ပုံဘိ၍။ ။ ငါ့ဤကိုယ်။ငါမင်းပျိုဟု၊ အဆိုအထင်။ အမြင်မှောက်မှား။ စိတ်နေကြွားဘို့။တံခါးခြောက်သင်း။ကိုယ်လုံးလင်းသည်။ ။ ခြောက်သင်းဓါတ်မှတ်ထွမ်းရည်တည်း။ ။ဆောင်ပုဒ်။

သဒ္ဒါယတနပစ္စယာဖဿော။ ။ဓါတ်မှတ်အကြည်၊ခြော မျိုးတည်က။ခြောက်မည်အာရုံ။ အလုံးရုံလည်း။ ပုံသဏ္ဌာန် ရိပ်။နိမိတ်အသွင်။ကိုယ်လုံးထင်၍။ဝိညာဉ်ခြော်သင့်၊ ဖွားဖွား ပွင့်က။ နှိုင်းသင့်ဘူမှု၊ပမာပြုမူ။သိကြွားစက်ရှိန်။ လက်လက် ထိန်သား၊ ဝရဇိန်သွား။ချပ်ချပ်ဝါးသို့။ခြောက်ပါးဖဿ။ ဖြန်း ဖြန်းထ၍၊ ရသခြောက်မည်။အာရုံရည်ကို။ ကြိတ်နည်သော အား။တွေ့ထိငြားက။ ဤကားဇာဋ္ဌ။အနိဋ္ဌနှင့်၊ ဤမျှမကောင်း၊ ဤမျှကောင်းဟု၊ အကြောင်းသွေးဆော်။ အရေးပေါ်လျက်။ ခြောက်ဘေဒ်အာရုံ။ရသဂုဏ်ဘို၊အကုန်ပေါ်ထွက်၊ ရွှန်းရွှန်း တက်၍။မက်ဘွယ်မုန်းဘွယ်။ အနှုန်းချယ်သည်။ ။ခြောက် သွယ်ဖဿစွမ်းရည်တည်း။ ။ဆောင်ပုဒ်။

ဖဿပစ္စယာဝေဒနာ။ ။ဖဿခြောက်မည်။ သူ့စွမ်းရည် ဖြင့်။ ကြိတ်နည်သောအား။စက်ရှိန်ဝါး၍၊ ခြောက်ပါးအာရုံ၊ မြေ့မြေ့တုန်သျက်၊ခြောက်ပုံရသ။အနိဋ္ဌနှင့်။ ဇာဋ္ဌဟူသည်။ အရည်မီးမီး၊ယိုထွက်ပီးသော်၊ဓာတ်သီးခြောက်ဖြာ။ ဝေဒနာ ဟု၊ ထွေလာအထူး၊ထွက်ပေါ်ပြူး၍။ ခြောက်ဦးရွှန်းစည်၊ အာရုံရည်ကို၊မည်မည်ရှုရှု၊ ခံစံကြွမှု။သုဘသုဘာ။ သာမသာ နှင့်။ ထွေလာများတောင်း။ကောင်းမကောင်းလည်း။ ထောင်း ထောင်းဝေါဝေါ။သိထင်ပေါ်၍။ကောင်းသော်စိတ်ဝမ်း၊ဘိတ် ဘိတ်လျှမ်းလျှင်။ ရွှင်လန်းနှလုံး။စွင့်စွင့်ပြုံး၍၊ မုန်းဘွယ်တွေ့ က။ခြောက်သွေ့နွမ်းညှိုး။နှလုံးဆိုး၍။အခိုးလူလူ။ ပွက်ပွက် ဆူမှု။ပူပူပင်ပင်။မရွှင်မလန်း။စိတ်ကုန်ခန်း၍။ ။ချမ်းသာသုခ။

တခုမျှ၌။ လောကအထုးအကုန်ပ၏။ ပုပုရှရှ။မြင်သမျှလည်း။ သုခတို့ချည်း။ လုံ့လသည်း၏။အရည်းသူမြတ်။ ပရမတ်ကို။ ချုန့်ဖုံပ်ထား၍။အများလောက။ရှိသမျှကို။ဒုက္ခပွါးမှု၊ များစွာပြုသည်။ ။သုခဝေဒနာစွမ်းရည်တည်း။ ။ဆောင်ပုဒ်။

ဝေဒနာပစ္စယာတဏှာ။ ။သုခဝေဒနာ။စွမ်းရည်ဖြာ၍။ ရသာမြိန့်ရှန်း၊အစိမ့်မွှန်းက။သွန်းသွန်းသူကြွ။ထိုသုခ၌။ ပီယဟူသား။အချစ်ပွါး၍။ ခြောက်ပါးဝေဒနာ။ မြိန်ရှက်စွာကို။ လွယ်ကာမနှေး။လိုတိုင်းပေးသည်။ သေရွှေးရတနာ၊ ပမာအလား။ကြင်မယားနှင့်၊ဝတ်စားငွေငွေ။ လယ်မြေလုပ်ခင်း၊ ထမင်းဟောစည်၊ သဘင်ပွဲလမ်း၊ အခန်းခန်းတည့်၊ ပန်းမျိုးနံ့သာ၊အဖြာဖြာသျှင်၊ ရုပ်ရမ္မဏ၊ စသည်အပုံ၊ ပစ္စည်းရုံနှင့်။ ။ခြောက်ရုံဖုသား။စက္ခုစသား၊ ဒွါရခြောက်မည်၊ အကြည်အလင်း၊ကိုယ်တွင်းဓာတ်နှုံ၊အပုပုလျှ၊ဗဟုဘေဒါ၊ များပြားစွာသည်၊ဂမ္ဘာရမ္မဏ။ ။ကာမဝဋ္ဋ။အပုအပုံ၊ခြောက်အာရုံ၌၊ သုံတမင်မင်၊ခင်တများများ၊နှေ့စဉ်ပွါး၍၊တရားအချက်၊သဘောနက်ကို၊အိပ်မက်တွင်မျှမမြင်ကြဘဲ၊ကာမထောင်တွင်း၊ ခွေကင်းသည်။ ။ခြောက်သင့်တဏှာစွမ်းရည်တည်း။

တဏှာပစ္စယာဥပါဒါနံ။ ။တဏှာခြောက်မည်၊ အရင်းတည်၍၊အရှည်များလှား၊အစဉ်ပွါးက၊လေးပါးအမှန်၊ဥပါဒါန်တည့်၊ခန္ဓာကာယ၊အစ္ဆတ္တနှင့်၊ကာမအာရုံ၊အလုံးစုံကို၊အကုန်နှီးခင်း၊အစွဲပြင်း၏၊ အသင်းပွါးများ၊သားမယားက၊ စသည်

ဖြာဖြာ၊မဆုံးရာသား၊ကာမဝတ္ထု၊ စွဲလမ်းပြုသည်၊ ကာမုပါဒါန်။ ။တဘုန်ထို့ပြင်၊မိစ္ဆာညာဉ်ဖြင့်၊အမြင်ယွင်းဖောက်၊အယူမှောက်သည်၊ခြောက်ဆဲ့နှစ်ပါး။ပြားသည်ဒိဋ္ဌိ။ ။တစိထိုမှ၊ဂေါသီလကို၊ဝန်မှထုတ်တတ်၊ စွဲထင်မှတ်သည်၊ သီလဗ္ဗတုပါဒါန်။ ။ခန္ဓာငါးပါး၊တရားအစု၊ဂဘတ်အနှကို။ ။ကိုယ်ဟုစွဲဘဝ်၊အမြဲမှတ်သည်၊အတ္တဝါဒုပါဒါန်၊အထန်အပြင်း၊ အယူတင်း၍၊ဝဋ်ခင်းဝဋ်နွယ်၊ဝဋ်ပင်လယ်မှ၊လွတ်ဘွယ်မအား။ငမားမားသည်။ ။လေးပါးဥပါဒါန် ပွမ်းရည်တည်း။

ဥပါဒါနပစ္စယာဘဝေါ။ ။ပွမ်းရည်ပြင်းထန်၊ဥပါဒါန်ဖြင့်၊ခန္ဓာဂမ္ဘ၊ကိုယ်ကာယနှင်၊ အတ္တအစွဲ၊ မြဲကြီးမြဲ၍၊ ရဲရဲရက်ရက်၊ကိုယ်အတွက်ကြောင့်၊သက်သတ်ခိုးမှု၊ စသည်ပြုလျက်၊အကုသလ၊ ကမ္မဘယ်တန်၊အပြစ်လျှံ၍။ ။ဘဘန်နေ့ဘက်နှောင်း၊ငါလျှင်ကောင်းစိမ့်၊အကြောင်းရည်ရွယ်၊ အရှည်မြော်လျက်၊သူတော်ခလေ့၊ရေသေ့-ရဟန်း၊လှူဒါန်းဝေငှ၊ ပဉ္စင်နှင့်၊အဋ္ဌအင်္ဂ၊ဒသင်္ဂတည့်၊လေးလီပြဖွဲ့၊ဝိဟာရျော်နီ၊ဘယ်တန်ကသိုဏ်း၊အလှူင်းများစွာ။ဘာဝနာဟု၊ဘယ်ဖြာပုညာ၊ ကုသလကို၊လုံ့လကြိုးစား၊ကောင်းမှုပွါး၍။ ။နှစ်ပါးကုသိုလ်၊ အကုသိုလ်ဟု၊ ထိုထိုဘဝ၊ ဖြစ်သမျှ၌၊ ဗိမာဖြည့်ပြိုး၊အမျိုးမျိုးကြောင့်၊အကျိုးတရား၊အရှည်ပွါးသည်။ ။နှစ်ပါးဘဝ ပွမ်းရည်တည်း။

ဘဝပစ္စယာဇာတိ။ ။ဘဝစွမ်းရေးကံနှစ်တွေကြောင့်။ သမ္ဘွသတ္တာ၊သတ္တဝါတို့၊ဖြစ်ရာဘဝ၊ဆုံးပြန်ကလည်း၊ဖော်စတု၊ငါးခုခန္ဓာ၊ကံချရာ၌၊ခမ္မတာ၀စ်။သစ်တလဲလဲ။အနဲ့နဲ့လျှင်။ ဖြစ်မြဲဇာတိ။သန္ဓေငြိ၍၊ကြိုဘု ဖြင့်၊ နယ်တခွင်၌၊အစဉ်ပြည့်ပွါး။အစားစားလျှင်၊မားမားမတ်မတ်၊ ဇာတ်အမျိုးမျိုး၊တန်ခိုးထင်တိမ်။ ဂုဏ်သိမ်နိမ့်မြင့်၊အကျင့်ဆိုးကောင်း။ အပေါင်းများစွာ။သတ္တဝါဟု၊နာနာကာယ၊ဖြစ်မြန့်ကြသည်။ ။လေးဝဇာတိစွမ်းရည်တည်း။

ဇာတိပစ္စယာဇရာမရဏံ။ ။သန္ဓေဇာတိ၊တဘန်ငြိ၍။ ကြိုဘု သူ၊အသူသူလျှင်၊လူလူနတ်နတ်။ မတ်မတ်မားမား၊ဖြစ်ပြန်ငြားသော်၊သုံးပါးအရွယ်၊အလယ်အဆုံး။ ရှိမြဲထုံးဖြင့်၊အနှုန်းစဉ်စီ၊သန္ဓေချိကာ၊ နာရီစဉ်သင့်၊ အဆင့်ဆင့်လျှင်၊ ရင့်မြဲယော်မြဲ၊တသဲသဲတည့်၊မစဲနေ့ည၊တရွရွလျှင်၊ခဏသန္တတိ၊အဖိုဇရာ၊နှစ်ဖြာလေ်ာင်သီး၊ရှိနှံရှိနှံငြိး၏၊အကြီးအငယ်၊အရွယ်ခြားနား၊အစားစားလျှင်၊အသွားတွင်တွင်၊မစဲနှင့်၏၊လေးအင်သေမှု၊တခုခုလည်း၊ဗဟုအန္တရာယ်၊အသွယ်သွယ်နှင့်၊နှိုးနွယ်ရိုးစည်း၊တလုံးတည်းလျှင်၊ကြီးကြီးငယ်ငယ်၊ အရွယ်မထော်၊ အချိန်ရောက်က၊ချုပ်ပျောက်ခန္ဓာ၊မငြင်းသာသည်။ ။ဇရာမရဏာစွမ်းရည်တည်း။

သောကပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာသမ္ဘဝန္တိ။ ။ သန္ဓေဇာတိ၊ခန္ဓာရှိက၊ ဉာတိဘောဂ၊ စသည်သင်းပင်း၊ကွေကွင်းခြင်းနှင့်၊မကောင်းစသာ၊ကြုံကြုံကျလာသော်၊ ပူဆာသော

ကား၊ယူတငိုကြွေး။ သက်မွေးဝန်ထမ်း။ ပူချမ်းဒုက္ခ။ အနိဗ္ဗ
ကြောင့်။စိတ်ကမကြည်၊ မသည်ငင်ရိုက်၊ အလှိုက်အလှဲ၊
ဆင်းရဲငါးပါး။အကျဉ်းအားဘည့် ကျယ်ပွါးအနန္တ။တွေ့ကြုံ
ရသည်။ ၊မူလဇာတိအန္နန်းတည်း။

၉ဝမေတာသကေဝလသဒုက္ခက္ခန္ဓသာသမုဒယောဟော
တိ၊ ။ဝဋ်သံသရာ။ရှည်မင်းစွာဌ်၊သူငါကစ။ ဖြစ်သမျှကား။
သတ္တမဟုတ်၊ ဓာတ်မှန်သုတ်သော်။နာမ်ရုပ်နှစ်သင်း။ အမြင်
လင်းသော့။ရင်းအဝိဇ္ဇာ။ ထိုမှဖြာ၍။ဇရာမရဏ၊ အဆုံးကျ
သည်။ဓမ္မအပြား။၁၂—ပါးကို။ ဤကားလူပင်၊ဤလျှင်နုတ်ပဲ။
အဆင်လှဲ့လျက်။တပဲ့လည်လည်။ဝဋ်နွယ်စည်၏။ ရှည်လေသ
မျှ။အနန္တကား။ သုခဟုသည်။မြူမျှမကွက်။ အဆက်ဆက်
လျှင်။သက်သက်ဒုက္ခ။ဓါတ်မှန်ရသည်၊ ။ဘဝဤကိုယ်ဖြစ်
တုံတည်း။ ။ပြီး၏။

မုံရွာမြို့၊လယ်တီတောကျောင်းဆရာ မဟာဗောဓိသို့ကြွ
ရာ၊မန္တလေးမြို့တော်မှ၊၁၂၅၇—ခု၊ တပို့တွဲလပြည့်ကျော်
၃—ရက်။ရန်ကုန်ထွက်မီးရထားပေါ်တွင်၊စီစဉ်ရေးသားသော
ပဋိစ္စသမုပ္ပါဒ်အကျဉ်းလင်္ကာ—၁၃—ပုဒ်ပြီး၏၊ ။ပဋိစ္စသမုပ္ပါဒ်
အကျဉ်းပြီး၏၊

ဆုံးမစာ။

ဆိုပိမ့်မည္ဒာ၊စေ့စေ့နာလော့၊ဂင်္ဂါသဲမျှ၊ပွင့်ကုန်ကြသား၊
ဘုရားသာသနာ၊ခေတ်အခါ၁ယ်။လူ့ရွာနတ်ဌ်၊ နင်ကြုံကြုံကြိုက်

လည်း၊အမိုက်မချွေ၊အလိုက်နေ၍၊ အခြေမကြီး၊အချည်းနှိမ်း
လျှင်၊ယိမ်းတီး ယောင်တောင်၊ ခုတိုင်အောင်တည့်။၁—သန်း
ခေါင်လကျွယ် တောအုပ်လယ်နိုက်၊ငှစ်နယ်ပတ်ကုံး၊အပြည့်
ဖုံးသည်၊မိုးစယ်းလုံးတိမ်တိုက်၊လျှပ်မကြိုးကြက်သား၊ အမိုက်အ
ပြား၊အင်လေးပါးထက်၊ နင်ကားရာထောင်၊မကမှောင်၏၊၂
လူ့ဘောင်လူ့ရွာ၊သာသနာဒ္ဓ၊ကြမ္မာတော်၍၊ယခုတွေ့လည်း၊
အလေ့မလွှဲ၊ အများနဲ့လျှင်၊ မိုက်မြဲနှင်နှင်၊ မိုက်စဉ္စင်၏။၃
မျက်မြင်လောက၊ ဤဘဝကား ဒုက္ခငင်းစင်း၊ချမ်းသာကင်း
၏၊၄၊သေမင်းအစာ၊နှင့်ခန္ဓာကို၊ တဏှာဘီလူး၊ အမှောင့်ဖုံး
၍၊ အရူးဖြင်ဖြင်၊ နင့်ကိုယ်ထင်၏၊ ၅။နှဲင်နှင့်မဆိုင်၊နင်ပိုင်မ
ဟုတ်၊နင့်မှုပ်နှင့်နာမ်၊ နင့်သက္ကာနိကို၊ နင့်ဥာဏ်မငြူး၊အပေါ်
ဖြူး၍၊မူးမူးမေ့မေ့၊အများလေ့ဖြင့်၊နေ့ရက်အပုံ၊လွန်ခဲ့တုံ
ပြီ၊၆၊ အာရုံဝဋ္ဋ၊ဒိုးစာပုကို၊ မှုမှုရရ၊ နင်အားကျလည်းဂါး
ပြသေမင်း၊သူ့တပ်နင်းက၊ငြင်းခွင့်မသာ၊နင့်ခန္ဓာသည်၊ပြာပုံ
အပြီး၊ ဖြစ်လုနီးသား။၇။ ယိမ်းတိမ်းယားတား၊ သေ၍သွား
လည်း၊တခြားမကြွယ်၊အထုပ်ငယ်လျက်၊ အပါယ်စခန်း၊သွား
မြဲလမ်း၌၊တပန်းဟိုက်ဟိုက်၊ တရှိုက်ငင်ငင်၊တငြင်ငြိုငြို၊
ဆင်းရဲပိုလျက်၊ ထိုထိုဘဝ၊အနန္တလျှင်၊ အစမဆုံး၊ အများ
ထုံးတည့်၊အနှုန်းမပျက်၊အောက်နရက်ဝယ်၊ ဘသက်နှယ်
နှယ်၊အမြစ်တွယ်သို့၊အပါယ်ထိုထို၊ဥဒဟိုသည်။ ။နင်လို
လူမိုက်သွားလမ်းတည်း၊

ရှုပ်ရှုပ်ထွေးထွေး-ပုပုသုသုနေလျှင် ...
ရှုပ်ရှုပ်ထွေးထွေး-ပုပုသုသုသေရ၏၊
ရှုပ်ရှုပ်ထွေးထွေး-ပုပုသုသုသေရလျှင် ...
ရှုပ်ရှုပ်ထွေးထွေး-ပုပုသုသုဘုံဘဝရ၏။

ဆန့်ကျင်ဘက်

ရှင်းရှင်းလင်းလင်း-အေးအေးမြမြနေလျှင် ...
ရှင်းရှင်းလင်းလင်း—အေးအေးမြမြသေရ၏။
ရှင်းရှင်းသင်းလင်း အေးအေးမြမြသေရလျှင်....
ရှင်းရှင်းလင်းလင်း အေးအေးမြမြဘုံဘဝရ၏။

သံဝေဂလင်္ကာ။

သိမ်မွေ့သေချာ၊ဥာဏ်ပညာဖြင့်။ ကောင်းစွာစိစစ်၊ ဥာဏ်ကုန်လှစ်သော၊ဖြစ်ချည်,ပျက်ချည်၊မြဲမတည်ဘဲ။ ဆုံလည်နွားနှန်း။သွားမဆုံးတည်း၊ ခေတ်သုံးနှောင်ပွေ။ ယောင်ပေပေနှင့်။ မှောင်တွေပိုင်းဖို၊ မှိုင်းသုံးမိလျက်။ ကောင်ကြီးဖြစ်ပုံ။ဤခတ်ရုံကို၊အကုန်စိတ်စော၊တွေးမိမော၏။ လောကလောကာ။ ဝဋ်သုံးပြာတွင်၊ မိုက်ရာကမှား။ထိုက်ရာနားလျက်၊ တရားလွှင့်စင်။ငါကောင်းဆင်၍။ အမြင်မှန်းရမ်း၊ တစမ်းစမ်းနှင့်၊စ

ခန်းရင်ဆိုင်။မတွေ့နိုင်ဘဲ၊လက်မှိုင်ချ၍။ တဖွေ့ဖွေ့လျှင်။ရစ်သွေ့ဝိုက်ခါ၊ပုန့်ရေသာဖြင့်။ အောက်ရွာနယ်ထဲ။ပါယ်ငရဲ၌။ထယ်လဲသာစည်။ချက်ကန်းရှည်သို့။မပြိုဝန့်နွယ်။ နှောင်ကြိုး နွယ်လျှင်၊ကျွတ်လွယ်ဘို့ရေး။မသိဝေးအောင့်၊ရည့်မှေးမှောင်ပု။မိုက်ထောင့်ထုက။လင်းမှုမချယ်၊နှင်ကိုးကွယ်၍။တောခွယ်ဂနိုင်။မှေးထု ကြိုင်သား။ပု မြိုင်ရွက်ဖိုင်။ဂူနန်းရိပ်ပယ်။ ကင်းဆိတ်ပေါ်ရွ။တကိုယ်ရေဖြင့်။စိတ်နေစင်ဖြူ။ နိမိတ်ယူလျက်။နိဗ္ဗူပရမေ့။အမြန်တွေ့အောင်၊ဈာန်လေ့ပွါးကာ။မနေသာဘဲ။ယုတ်မာငြိစ်ငြမ်း၊ ပေါ်လှော်ပြွမ်းသည်။ ဘောဂရမ်းပွေလီ။နှင့်ဝသီကို။မကြည်မုန်းလှ။ နှလုံးရှငြိုး၊မိုက်စမပြေ။ ထုပေပေနှင့်။စိတ်နေဖိုးဝါး။ပေါ့ဝေးဝေးလျှင်။တရားလက်ကိုင်။ခုနေတိုင်အောင်။ခိုင်ခိုင်ကြိုးကုတ်၊အားမကုတ်ဘဲ။ဤရုပ် ဤနာမ်။ ဤသဏ္ဍာန်နှင့်။ဤပန်ဤမူ။ဤအယူကား။ မဖြူသေးလို့။ ဖြူချေးပို၍။တကိုယ်ကောင်းတန် တစောင်းကြီးလည်း။ အောက်ဆန်တွေးယှက်။ အရေးခက်သား မသက်သာလေ။ကျောက်ဖွဲ့ဟော့သို့။ ဆယ်တွေနှောင်ကြိုး။ ပေါင်တမျိုးနှင့်။ အိုးနှင့်အိမ်တွင်။ သောသောင်ငံ့အောင်၊ ခင်မလွတ်ဘဲ။ နှင်ဖွဲ့တွဲလျက်။ လူးလဲငြစ်တု။နှင့်ဖြစ်ပုံကို။အကုန်သုံစ်ဘွင့်။ ပြောမသင့်ဘူး၊ နှင့်ကိုနှင်သာ။ အပူရှာသည်။ ။နှင်သာလွတ်အောင် ရှောင်လေတည်း။

အမှား–အမှန်ပြင်ချက်။

နံပါတ်	ကြောင်းရေ	အမှား	အမှန်။
၇	၁၆	ဗုဒ္ဓါ၊အမှန်တွေကို။	ဗုဒ္ဓါ၊အဟုတ်တွေ၊အမှန်တွေကို။
၃၁	၁၈	အခိုးအစပ်၊	အစိုအစွတ်
၄၁	၆	ခေတ်ခဲတရ	ခေတ်ခဲတခု
၄၁	၆	နှိုင်းတုစရာမရ။	နှိုင်းတုစရာ၊ပမာမရ။
၄၁	၁၁	မှတ်ရန်	မှားရန်
၄၃	၉	မနောဝိညာဉ်တို့၏	မနောဝိညာဉ်ဆို၏။
၅၂	၁၀	ရှိသောအမှုအရာ	ရှိသောရုန့်ရင်းသောအမှုအရာ